# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ အင်္ဂါနေ့။ Tuesday, 4 November 2025 ၁၁၉၉၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြိုသင်္ကန်း ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြိုသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မာရဝိဇယဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မသိုးရွှေကြိုသင်္ကန်းရက်လုပ်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၁၀

**မဲဆန္ဒရှင်များက ဘောလ်ပင်ဖြင့် အမှန် (✓) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း**

စာမျက်နှာ » ၁၃

ကြေးမုံ

# ထူးမြတ်သည့်တန်ဆောင်မုန်းလပြည့် ဘာသာသာသနာဂုဏ်ကျေးဇူးများကိုမမေ့

တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် ဆီမီးထွန်းပွဲ၊ ကထိန်ပွဲ၊ မသိုးသင်္ကန်းပွဲ တို့ကိုသာ များသောအားဖြင့် သိရှိထားကြသည်။ တန်ဆောင်မုန်းလပြည့်နေ့၏ အထွတ်အမြတ် အနှစ်သာရတွင် အဇာတသတ်မင်းကြီး၏ ဘဝဖြစ်စဉ်နှင့် ဆက်စပ်နေသည်။ ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးကို သိလိုသဖြင့် မေးမြန်းလျှောက်ထားလာသော အဇာတသတ်မင်းကြီးကို မြတ်စွာဘုရားရှင်က တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်၌ ရာဇဂြိုဟ်မြို့အနီး ဇီဝကသရက်ဥယျာဉ်တွင် သာမညဖလသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။

အဇာတသတ်မင်းကြီး သာမညဖလသုတ်တရားတော်ကို နာယူခွင့်ရသောအခါ ရတနာသုံးပါးကို အထူးကြည်ညိုသည့် သာသနာပြုမင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်လာခဲ့သည်။ အဇာတသတ်မင်းကြီးသည် ထေရဝါဒဗုဒ္ဓဘာသာ သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် အရေးပါသည့် ပထမသင်္ဂါယနာတင်ပွဲ ဖြစ်မြောက်အောင် ကူညီခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဓာတ်တော်များ မပျောက်ပျက်အောင် စုစည်းသိမ်းဆည်းပေးခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်၏ သမိုင်းမှတ်တမ်း တိကျခိုင်မာစေရန်အတွက် အရေးပါသော သာသနာတော်နှစ်ကို သတ်မှတ်ပေးခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ကို ပယ်ဖျက်၍ သာသနာတော်နှစ်ကို စတင်ခဲ့သည်။ အဇာတသတ်မင်းကြီး အမြော်အမြင်ကြီးမှုကြောင့် ယနေ့ကာလတွင် သာသနာတော်နှစ်ကို တိတိကျကျ ရေးနိုင်ပြောနိုင်ခြင်းဖြစ်သည်။

အဇာတသတ်မင်းသည် လွန်မင်းသော ပိတုဃာတကကံကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရထိုက်သောသူဖြစ်သော်လည်း မရရှိဘဲ ဥပါသကာမြောက်ရုံသာ သရဏဂုံ ပဋ္ဌာသီလ၌ တည်သည်။ အဇာတသတ်မင်းသည် မဂ်ဖိုလ်ရထိုက်သူဖြစ်ပါလျက် အဆွေခင်ပွန်းယုတ်ဖြစ်သော ဒေဝဒတ်နှင့် ပေါင်းဖော်မိ၍ မပြစ်မှားအပ်သည့် ဖခမည်းတော်ကို ပြစ်မှားမိသောကြောင့် ကာလရှည်ကြာ အဝီစိငရဲ၌ ခံရမည်ဖြစ်သော်လည်း ဘုရားရှင်အား လွန်စွာကြည်ညို သဒ္ဓါပို ကိုးကွယ်ဆည်းကပ်ပြီး ခမည်းတော်အား ပြစ်မှားမိသောအပြစ်ကို ဝန်ချကန်တော့သောကြောင့် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းငရဲကျ၍ လွတ်မြောက်ပြီးလျှင် ဝိဇိတဝိသေသမည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု ဗုဒ္ဓဝင်၌ ဖော်ပြထားသည်။ အဇာတသတ်မင်းကြီး နန်းတက်ပြီး ရှစ်နှစ်မြောက်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်။ အပေါင်းအသင်းမှားသည့်အခါ မိဘကိုပင်ပြစ်မှားမိပြီး ကံကြီးထိုက်သည့် သင်ခန်းစာကို အဇာတသတ်မင်းကြီးဖြစ်စဉ်မှရယူပြီး မိဘဆရာသမားများအား မပြစ်မှားမိစေရန် အထူးလိုအပ်သည်။

ယခု တန်ဆောင်မုန်းလပြည့်နေ့တွင်ကား အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာခြင်းကိုလည်းကောင်း၊ သံဃာတော်များကို ပူဇော်သည့်နေ့မြတ်အဖြစ်လည်းကောင်း ရည်ရွယ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် ကျင်းပခြင်းနှင့်အတူ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများအား ဂါရဝထားရှိသေပူဇော်ကြရမည်ဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့်အတူ ကထိန်သင်္ကန်းအလှူတော်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့နှင့် မီးပုံးပျံလွှတ်တင်ပွဲ၊ မိသားစုမိတ်ဆွေအပေါင်းအသင်းများအချင်းချင်း မဲဇလီဖူးသုပ် ဝေငှလှူဒါန်းပွဲ၊ ပွံ့သကူစွန့်လှူဒါန်းပွဲ၊ ကျီးမနိုးပွဲစသည်ဖြင့် တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အမျိုးမျိုးအဖုံဖုံ စုံလင်အောင်ပြုလုပ်ကြခြင်းကို အပြစ်မဆိုလိုသော်လည်း ကောင်းမှုအထူးများလည်း ပြုလုပ်သင့်ကြပေသည်။

ယနေ့ကာလတွင် နေ့ထူးရက်မြတ် ဘုရားပူဇော်ပွဲကိုအကြောင်းပြု၍ အပျော်အရွှင်ပွဲလမ်းသဘင်များ စည်ကားလာသည်ကို တွေ့ရသည်။ အများကြိုက်အောင်၊ စည်ကားအောင်၊ အလှူငွေရအောင်ရည်ရွယ်၍ တွဲဖက်ကျင်းပခြင်းကို ဆင်ခြင်ထိန်းသိမ်းသင့်သည်။ ဉာဏ်ဖြင့်ဆင်ခြင်ကြည့်သော် အမြင်မတော်စရာများ၊ ပြုပြင်သင့်သည်များကို တွေ့မြင်ကြပါလိမ့်မည်။ ထေရဝါဒဗုဒ္ဓဘာသာ ဘုရားပူဇော်ပွဲတော်၏ မူလရည်ရွယ်ချက်များပျောက်၍ ရိုးရာယဉ်ကျေးမှု၏ အပြင်ဘက်သို့ရောက်နေသည်ကို သူတော်ကောင်းတို့အနေဖြင့် ဆင်ခြင်မိမည်ဖြစ်သည်။ သံဝေဂယူနိုင်ကြမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သာမညဖလအခါတော်နေ့တွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ သာမညဖလသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းနှင့်ကထိန်သင်္ကန်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာအခြေခံ ရိုးရာပွဲတော်များကို ဘာသာရေးအနှစ်သာရရှိရှိနှင့် အစဉ်အလာမပျက် ကျင်းပနိုင်ရန် အသိဉာဏ်မြှင့်တင်ပေးရမည်မှာ ရဟန်းရှင်လူ ပညာရှိသူတော်ကောင်းအပေါင်းတို့၏ တာဝန်ဖြစ်သလို ပြည်သူအပေါင်းတို့ကလည်း ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်၏ ထူးကဲမှုအပေါင်းတို့ကို မမေ့မလျော့ရှိကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။


## လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၆၁၉

မန္တလေး — ရွှေကျင်သုံလမ်းအနီး၊ ဘုန်းတော်ကြီးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၃-၁၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၆-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ နံနက် ၈ နာရီ ၃ မိနစ် ၅ စက္ကန့် အချိန်တွင် ကသာမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၆၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဟုမ္မလင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၆၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၄၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ၃ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❂ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ကြမည့် ရက်ကန်းအဖွဲ့များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က "ဇယမင်္ဂလာစာတမ်းလွှာ"ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က ၂၀၂၅ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင် ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက် လာကြသူများက

**စာမျက်နှာ ၄ သို့ ❂**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ လှိုက်လှဲနွေးထွေးစွာကြိုဆိုစဉ်။


❂ စာမျက်နှာ ၃ မှ
မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက် လွှတ်တင်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏

စာမျက်နှာ ၅ သို့ ❂







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်မှုကို ကြည့်ရှုအားပေးစဉ်။




စက်မှုဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။





ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ညမီးကြီး လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲသို့ လာရောက်ကြသူများကို တွေ့ရစဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



ကျန်းမာရေးဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

❂ စာမျက်နှာ ၄ မှ
မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့်စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ရက်မှ ၄ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံတော် အနုပညာရှင်များကလည်း တေးဂီတနှင့်ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်လျက်ရှိပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်မှုများကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် (MSME) အရောင်းဆိုင်ခန်းများက ဒေသထွက်စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချလျက်ရှိသည်ကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၅ ခုနှစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ရွှေရည်လင်းဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

အခမ်းအနားသို့ ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတ အမှူးပြုသည့် ပင့်သံဃာတော် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ ဧည့်ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။



ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပျဉ်းမနားမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်းဖြစ်သော အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မစိုးရိမ်ကျောင်းတိုက်ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကြယ်ပေါင်းစုံ ဖော်တစ်သင်းနှင့် လမင်းကြီးထိန်ထိန်သာ

❖ ကမ္ဘာကျော် မာရဝိဇယ
မြတ်ဗုဒ္ဓ ရုပ်ပွားတော်။
တန်ဆောင်တိုင် သဘင်ခင်းလို့
ကျင်းပပူဇော်။
ရုပ်ပွားမြတ် ဖူးမျှော်
ဦးတော်ခိုက် ဝပ်တွား။
နိုင်ငံတစ်ဝန်းဆီက
လူရှင်ရဟန်း လာသမျှအဆွေတို့
သာသနာ့မြေ လှည့်လည်သွားတယ်
များပြားစည်ကား။

❖ ဆီမီးကိုးထောင် ပူဇော်ရင်း
ဝတ်အသင်း သံပြိုင်ညီ
ကုသိုလ်ပြုပြီး။
ကောင်းမှုများ အစီအရီ
အလီလီ ဆုမွန်တောင်း။
အမျှဝေ မေတ္တာဖျန်းတယ်
လန်းဆန်းစေကြောင်း။

❖ ရင်ပြင်ပေါ် နေရာမလပ်
ခြေရာထပ် ပွဲတော်တစ်ခွင်
ကြိတ်ကြိတ်တိုးပင်။
တစ်ခဲနက်ပါပဲ
ဇွဲထက်တဲ့ လက်စွမ်းယှဉ်
ရက်ကန်းစင် စီတန်း။
အမျိုးဆွေသဟာတို့
မသိုးရွှေကြာ မြတ်သင်္ကန်းကို
လှူဒါန်းဖို့မှန်း။

❖ မီးပုံးပျံ လွှတ်တင်ကြ
ကြည့်မြင်ရ ရှုမဝနိုင်
အားပေးကြမြိုင်။
မီးပုံးချင်း ပြိုင်ဆိုင်
အနိုင်ယူဖို့ အားခဲ။
တကြော်ကြော် ပြာသံပေးလို့
ဟစ်ကြွေးသံမစဲ။

❖ လူငယ်လူရွယ် ကလေးများ
ကစားတဲ့ ကွင်းပြင်မှာ။
ကစားစရာ အမျိုးမျိုးမို့
တိုးမပေါက်ပါ။
ပွဲဈေးတန်း သွားလို့သာ
စားဖို့ရာ ဝယ်ဦးမလား။
အဆာပြေ ကိုယ့်အကြိုက်
နှစ်ခြိုက်ရာစား။

❖ မီးရောင်စုံ ထိန်ထိန်လင်းတဲ့
ပွဲခင်းက ပေထိဆော်
ပွဲကြည့်ဖို့ခေါ်။
ပွဲကြည့်စို့ ရှင်ပျော်ပျော်
စင်တော်သို့ အရောက်သွား။
အဆိုတော်တွေ ဖျော်ဖြေပေးတဲ့
တေးသံခံစား။

❖ နေပြည်တော် တန်ဆောင်ပွဲ
ခြိမ့်ခြိမ့်သဲ ဆင်နွှဲချိန်။
တန်ဆောင်တိုင် ရောင်စုံရှန်း
ထွန်းလင်းလို့ထိန်။
မိုးလေက ငြိမ်
တိမ်စင်လို့ မြူကင်း။
ကြယ်ပေါင်းစုံ ဖော်တစ်သင်းရယ်နှင့်
ထိန်ထိန်သာ ဖိုးလမင်း
တောက်ပလို့ဝင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# မိတ္ထီလာမြို့ နဂါးရုံမဟာဗောဓိစေတီတော်၌ (၅၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်တွင် တည်ထားကိုးကွယ်သော နဂါးရုံ မဟာဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ (၅၅)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ စေတီတော်ပညာဓိက တန်ဆောင်းတွင် ကျင်းပသည်။



### လှည့်လည်ကြည့်ရှု

အဆိုပါ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို သဒ္ဓမ္မဝံသာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တနန္ဒဝံသ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးနိုင်ဝင်းကျော်၊ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် နဂါးရုံမဟာဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းစိန်တို့က ဖဲကြိုးဖြတ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လေးနှင့် စေတီတော်ဂေါပကအဖွဲ့မှ ဦးညီညီမောင်တို့က အောင်စည်အောင်မောင်း တီးကာ ဖွင့်လှစ်ပေးသည်။ ထို့နောက် နဂါးရုံ မဟာဗောဓိစေတီတော်အတွင်း တည်ထားကိုးကွယ်သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ကပ်လှူပူဇော်မည့် မသိုးသင်္ကန်းများကို ရက်ကန်းစင် ငါးစင်ဖြင့် ရွာသစ်၊ ကျောက်ပုံ၊ ညောင်ပင်လှိုု၊ ကက္ကူကန်နှင့် သရက်တန်းကျေးရွာများမှ ရက်ကန်းအဖွဲ့များက ရက်လုပ်ကြရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးသည်။

ချမ်းသာ(မိတ္ထီလာ)

❖

# ကန့်ဘလူမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်များ လိုက်လံချိတ်ဆွဲ

ကန့်ဘလူ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ တန်ဆောင်တိုင်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်သူ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့မမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးသတိပေးဆိုင်းဘုတ်များကို ယနေ့နံနက် ၉ နာရီက လိုက်လံချိတ်ဆွဲခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများ နေ့စဉ်အသုံးပြုလျက်ရှိသည့် ထင်းမီး၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်များ ထွန်းညှိအသုံးပြုပါက လိုက်နာရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန် သတိပေးသည့် မီးသတ်ကျင့်ဝတ်စာအုပ်ပါ ဆောင်ပုဒ်များကို မြို့တော်ခန်းမရှေ့ ဗိုလ်ချုပ်လမ်းမတစ်လျှောက်ရှိ လျှပ်စစ်ဓာတ်တိုင်များတွင် လိုက်လံချိတ်ဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲပြိုင်ပွဲကို ယနေ့တွင် ဒုတိယနေ့အဖြစ် သတ်မှတ်နေရာများအလိုက် စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌ ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ များပြားလျက်ရှိပြီး ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကြပြီး ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီးသို့ ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ရဟန်းသံဃာတော်များ၊ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးကြသည်။

ထိုသို့ ဘုရားဖူးလာကြသူများ အနက်မှ သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များ၊ ဝီးချဲလ်များဖြင့် စနစ်တကျ ပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ကျင်းပမည့်နေရာများ၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်မည့်နေရာ၊ ဈေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေး အစီအစဉ် နေရာများကိုလည်း အလွယ်တကူ သွားရောက်နိုင်ရေး အတွက် တာဝန်ရှိသူများက လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီး ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့တွင် ကုသိုလ်ယူ ပါဝင်ဆင်နွှဲကြရာ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွှမ်းလျက်ရှိသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တတိယအကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က “တော်ဝင်ရွှေပြည်”၊ ကချင်ပြည်နယ်က “မနောမြေ”၊ ကယားပြည်နယ်က “ကန္တရဝတီ”၊ ကရင်ပြည်နယ်က “ ဖွဲ့ကပင်”၊ ချင်းပြည်နယ်က “တောင်ဇလပ်”၊ စစ်ကိုင်းတိုင်း ဒေသကြီးက “ရွှေဧယျာ”၊ တနင်္သာရီတိုင်းဒေသကြီးက “ရွှေဝယ်သီရိ”၊ ပဲခူးတိုင်းဒေသကြီးက “ရှင်စောပု”၊ မကွေးတိုင်းဒေသကြီးက “တော်ဝင်ရတနာ”၊ မန္တလေးတိုင်းဒေသကြီးက “အမရရွှေပြည်”၊ မွန်ပြည်နယ်က “ရာမည”၊ ရခိုင်ပြည်နယ်က “လေးရပ်ဝတီ”၊ ရန်ကုန်တိုင်း ဒေသကြီးက “တော်ဝင်ဒဂုံ”၊ ရှမ်းပြည်နယ်က “သုဇာတာ”နှင့် ဧရာဝတီ တိုင်းဒေသကြီးက “ရွှေပြည်ဧရာ” စသည့်ရက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ်နေရာ အသီးသီးတွင် မြိုင်မြိုင်ဆိုင်ဆိုင် စတင် ယှဉ်ပြိုင်နေကြသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲ မစတင်မီနှင့် စတင်ချိန်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖော်ဝေး၊ ဖိုးသောကြာ၊ J Fire၊ ဆုထက်လှိုင်၊ ရဲထိုက်တို့က တေးသီချင်းများဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြား၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး၊ ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့် အနုပညာရှင်များက တန်ဆောင်တိုင်ပွဲတော်ကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် တွဲဖက်၍ ယိမ်းအကအလှများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးလာပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင် ပူဇော်မည့်နေရာ အသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက်တာဝန်ရှိသူများဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲ စတင်သည်နှင့် တစ်ပြိုင်နက် မီးပုံးပျံများလွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်နေချိန်နှင့် လွှတ်တင်ပူဇော်ချိန်တွင် သက်ဆိုင်ရာ ပြိုင်ပွဲဝင်အသင်းက တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများ၊ ယိမ်းအကအလှများနှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ကြည်နူးပျော်ရွှင်စွာ သီဆိုကပြ ဖျော်ဖြေကြရာ ဘုရားဖူးလာပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက “ရင်းနှီး/မြှုပ်နှံ ပြည့်အားမာန်”၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက “ဒီပပူဇာ”၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက “ခရီးသွား ရောင်စဉ်”၊ နိုင်ငံခြားရေးဝန်ကြီးဌာနက “သားကောင်းတမန် ပြည့်အားမာန်”၊ ကျန်းမာရေး ဝန်ကြီးဌာနက “အာရောဂျံ”၊ ပညာရေးဝန်ကြီးဌာနက “သုခမိန်” နှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနက “ပြည့်ဂုဏ်ဆောင်” စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြသည်။



အလားတူ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော် ပြိုင်ပွဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနက “သာယာရွှေပြည်”၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက “ပြည်လုံးချမ်းသာ”၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက “တိုးတက်မောင်”၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက “ဖွံ့ဖြိုးကုန်သွယ် နိုင်ငံကြွယ်”၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက “ပန်းခင်းဝေဖြာပြည်သာယာ”၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက “သီးနှံပန်းတိုင်ပြည့်မဏ္ဍိုင် မွေးမြူစိုက်ပျိုး ရိက္ခာတိုး” နှင့် စက်မှုဝန်ကြီးဌာနက “စက်မှုအားမာန်” စသည့် မီးပုံးပျံအမည်များဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့် အတူ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်အသင်းများက ဘုရားဝင်းအတွင်း သတ်မှတ်နေရာများ အလိုက် အလှညမီးကြီးများ၊ စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့အောင်မြင်စွာ လွှတ်တင်ပူဇော်ချိန်တွင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မိုးယံထက်၌ ရောင်စုံအလှမီးရှူးမီးပန်းများ ယှက်ဖြာလင်းလက်ပြီး ရောင်စုံလွှမ်း၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောင်စုံမီးအလင်းတန်းများဖြင့် ညွှတ်တွားပူဇော်နေကြသည့် မြင်ကွင်းမှာ နေပြည်တော် တန်ဆောင်မုန်းလ၏ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာ ပြည်သူများ၏ စိတ်တွင်လည်း ကြည်နူးပီတိစွာ တွေ့မြင်ခံစားရသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထား ပူဇော်ထားသည့် ဘုရား၊စေတီ၊ပုထိုးများ၏သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာမျာ၊ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုခမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများတွင် မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက် ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ဘုရားပရိဝုဏ်အတွင်း လိုအပ်သည်များကို စနစ်တကျ ကူညီ ဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို နိုဝင်ဘာ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသွားမည်ဖြစ်သည့်အပြင် နံနက်ပိုင်းတွင်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းကို တတိယအကြိမ်မြောက်အဖြစ် ကပ်လှူ ပူဇော်သွားမည်ဖြစ်ကြောင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်လပြည့်ည၏ရသကို အပြည့်အဝခံစားရင်း ကုသိုလ်ယူပါဝင်နိုင်ကြောင်း သိရသည်။

**သတင်း – ဟိန်းမင်းကျော်**

**ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကား



**နေပြည်တော် နိုဝင်ဘာ ၃**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းပြေစေရန်နှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်၍ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များကို အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် ဒုတိယနေ့အဖြစ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် မြောက်ဘက် ဝတ္တကမြေပေါ်တွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်းကားလျက်ရှိသည်။

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးပြည်သူများ ဒေသထွက် လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက် အဆင်ပြေစေရန် အတွက်ဒေသအလိုက်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSMEs) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product(OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ EV ကားနှင့် ဆိုင်ကယ် အရောင်းပြခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စားသောက်ကုန်နှင့်ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSMEs စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ အိမ်တွင်းလက်မှု အနုပညာ အရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများနှင့် မြန်မာ့ရိုးရာ အစားအစာ အရောင်းဆိုင်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖွင့်လှစ်၍ စိတ်ကြိုက် ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့စိတ်ဝင်တစား လာရောက်ဝယ်ယူကြသည့် ပြည်သူများကို သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသ ရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသထွက် အစားအသောက်များ၊ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ ရိုးရာဝတ်စုံများနှင့် MSME ထုတ်ကုန်များ အကြောင်းကို စိတ်အားထက်သန်စွာ ရှင်းလင်းပြသပေးကြသည်ကိုလည်း တွေ့ရသည်။

ယနေ့ ဈေးရောင်းပွဲတော်တွင် ပျဉ်းမနားမြို့ ဒေသထွက်ကုန်များ အရောင်းပြခန်း၊ ကောင်းရွှေစည် မြန်မာ့တွင်းထွက် စစ်စစ် ကျောက်မျက်အရိုင်း/အချောနှင့် လက်ဝတ်ရတနာ ရောင်းဝယ်ရေးဆိုင်၊ NYI NYI ရခိုင်မုန့်တီနှင့် စားဖွယ်စုံအရောင်းဆိုင်၊ ဗမာမိတ်အင်းလေးချည်နှင့် ရိုးရာဝတ်စုံ အရောင်းဆိုင်၊ မောခမ်းနွံ စားဖွယ်စုံ အရောင်းဆိုင်၊ San Thiri မိသားစု အအေးမျိုးစုံနှင့် စားဖွယ်စုံ အရောင်းဆိုင်နှင့် ဈေးသည်ကြီး မြန်မာ့မုန့်မျိုးစုံ အရောင်းဆိုင်တို့တွင် တန်ဆောင်တိုင်ပွဲတော် ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများက လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို စိတ်ကြိုက်ဝယ်ယူကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့အတူ ပွဲတော်လာ ဘုရားဖူးပြည်သူများ မြန်မာ့ဇာတ်သဘင် အနုပညာကို ခံစားကြည့်ရှုနိုင်စေရန်အတွက် အခမဲ့အဖြစ် နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်ကို ဖျော်ဖြေရေး အစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး အနုသုခုမ သဘင်ပညာသည် ရုပ်ရှင်ကဲ့သို့ မဟုတ်ဘဲ ပွဲကြည့်ပရိသတ်ကို တိုက်ရိုက်တင်ဆက်သရုပ်ဆောင် ကပြကြရသည့်အတွက် ဖိုးချစ်ဇာတ်ပွဲသဘင်၏ ပထမည ဖျော်ဖြေတင်ဆက်မှုများကို သဘင်ချစ်မြတ်နိုးသူများက ဂုဏ်ယူဖွယ် တွေ့မြင်ခံစားခဲ့ရသည်မှာ ဖရဏာပီတိ ဂွမ်းဆီထိသည့်ပမာ ဖြစ်ခဲ့ရသည်။

ယနေ့ ဒုတိယည ဖျော်ဖြေတင်ဆက်မှုတွင်လည်း ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်က ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများနှင့် တွဲဖက်၍ သဘင်ပညာရှင်များ၏ ဇာတ်စာ၊ ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အပြောအဆို၊ ကကြိုးကကွက်များ၊ ချစ်ကြည်စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ မြို့ရွှေမန်းသားဖိုးချစ်အကအဖွဲ့က “ဗိုလ်အောင်ဒင်” ဟာသကပွဲ၊ အဆို အငို အပြောများဖြင့် ဇာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် “နှစ်ပါးစုံမှရွာသည့်မိုး”အော်ပရာနှင့် “တစ်လောကလုံးမှ တစ်ယောက်ထဲ ချစ်မယ်”ပြဇာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုး အစီအစဉ်၊ ဇာတ်မင်းသား ဖိုးချစ်၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ်တင်ဆက်မည့် “အကခုနစ်ဖြာ အနုပညာ” နှစ်ပါးသွား အစီအစဉ်၊ လူရွှင်တော်များက စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသ တစ်ခန်းရပ်များကို ဌာန်ကရိုဏ်းကျကျ၊ စည်းဝါးကျကျ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများအား အနုသုခုမ သဘင်အား ချစ်မြတ်နိုး၍ စိတ်ဝင်တစား လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တန်ဆောင်တိုင်ပွဲတော်ကို ပါဝင်ဆင်နွှဲ၍ စိတ်အပန်းပြေစေရန် ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) ဖျော်ဖြေရေး အစီအစဉ်အဖြစ် နိုင်ငံကျော် တေးသံရှင်များ ဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဝန၊ J Fire၊ ဖော်ဝေး၊ ဂျိုးလေး၊ ကော်နီ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်၊ နန်းဆုရတီစိုးနှင့် တေးသံရှင်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေ သီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

အလားတူဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချားဝိုင်း၊ ကလေးစီးလှုပ်စီနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ် ပုံရိပ်များကိုလည်း တွေ့မြင်ရပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို နိုဝင်ဘာ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း – ဟိန်းမင်းကျော်**
**ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ**





# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၄ ရက်**

**သာ လိုတော့သည်။**

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ဇီဝဖိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်မှုဖွံ့ဖြိုးရေး အားပေးဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး (၉) အစည်းအဝေးခန်းမ၌ ဇီဝဖိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံက ထုတ်လုပ်သော ငှက်သိုက်များ လက်ရှိတွင် တရုတ်နိုင်ငံဈေးကွက်မှ ဝယ်ယူလိုကြောင်း ဆွေးနွေးမှုများအရ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် အချက်အလက်များ စုစည်းရယူလိုသည့်အတွက် လုပ်ငန်းရှင်များအား ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဇီဝဖိုးငှက် မွေးမြူပြီး ငှက်သိုက်ထုတ်လုပ်၍ ပြည်ပပို့ကုန်အနေဖြင့် တင်ပို့ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ စံသတ်မှတ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်၍ မိမိနိုင်ငံက ထုတ်လုပ်သည့် ပို့ကုန်များ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေး ပြည့်ဝစွာထုတ်လုပ်၍ ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းကြရန် လုပ်ငန်းရှင်များအပိုင်းက လိုအပ်သည်များ တင်ပြနိုင်ရေးကိုလည်း ဆွေးနွေးလိုခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငှက်သိုက်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်း လည်ပတ်နေမှု၊ ထုတ်လုပ်မှုနှင့်တင်ပို့ရောင်းချနေမှု၊ ဈေးကွက်ချဲ့ထွင်နိုင်မှုအလားအလာများကိုတင်ပြကြရာ ဦးစီးဌာနမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်များ တင်ပို့ရာတွင် The General Administration of Customs of the People's Republic of China (GACC) သို့ မှတ်ပုံတင်ရမည့် လုပ်ငန်းစဉ်များနှင့် အခြားဒေသတွင်းနိုင်ငံများ၏ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၁၃၁ မိုင် အနီးရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေနေရာကို ပုဂ္ဂလိက လုပ်ငန်းရှင်က ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် သီဟိုဠ်စိုက်ခင်းတွင် မြေပြန့်ကော်ဖီ (ရိုဘက်စတာကော်ဖီ) စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အပင်များသန်စွမ်းဖြစ်ထွန်းရေးအတွက် အပင်အာဟာရမြေဩဇာ စနစ်တကျကျွေးမွေးရန်နှင့် အပင်ခြေ ပေါင်းမြက်ရှင်းလင်းခြင်း၊ အရိပ်လိုအပ်သည့်နေရာတွင် အရိပ်ပင်များ ဖြည့်စွက်စိုက်ပျိုးခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၅၀၀ နှင့်အောက်ရှိ မြေပြန့်ဒေသများတွင် စီးပွားဖြစ်စိုက်ပျိုးနိုင်သည့် ရိုဘက်စတာကော်ဖီကို အမြဲစိမ်းလန်းပြီး အရိပ်ရသည့် သရက်၊ သီဟိုဠ်၊ မက္ကာဒေးမီးယားနှင့် ရော်ဘာစိုက်ခင်းများတွင် တွဲဖက်စိုက်ပျိုးနိုင်ကြောင်း၊ ဈေးကွက်ရှိသော သီးနှံဖြစ်၍ မြေနိမ့်ကော်ဖီစိုက်ပျိုး လုပ်ကိုင်လိုသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာအပါအဝင် အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ် မုဒုံမြို့နယ် အအေးခန်းစက်ရုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် လူနေဆိုင်ခန်းများ ဆောက်လုပ်မည့်မြေနေရာ ပန္နက်တင်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများ အံကပ်တပ်ဆင်

**မော်လမြိုင် နိုဝင်ဘာ ၃**

မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ ရာမညဖွံ့ဖြိုးတိုးတက်ရေး ဆောက်လုပ်ရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ အအေးခန်းစက်ရုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် လူနေဆိုင်ခန်းများ ဆောက်လုပ်မည့်မြေနေရာ ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ မော်လမြိုင်-မုဒုံ ကားလမ်းမကြီးဘေး စီမံကိန်းမြေနေရာ၌ ကျင်းပသည်။



ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အအေးခန်းစက်ရုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် လူနေဆိုင်ခန်းများ ဆောက်လုပ်မည့် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မြေနေရာများကို လှည့်လည်ကြည့်ရှုကာ ဒေသထွက် သစ်သီးနှင့် အခြားစိုက်ပျိုးသီးနှံများ အရည်အသွေး ထိန်းသိမ်းပြီး ဈေးကွက်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ရေး ဆောင်ရွက်ပေးကြရန် မှာကြားကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးပေးမှုတို့ဖြင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီး ဘိုးဘွားများအား အံကပ်တပ်ဆင်မှုကို မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများပေးအပ်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများ အခမဲ့ အံကပ်တပ်ဆင်ပေးခြင်းကို ကြည့်ရှုအားပေးပြီး နေပြည်တော်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီး အားပေး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။



## တွေ့ဆုံဆွေးနွေး

ပြည်ထောင်စု ဝန်ကြီးများနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

### ဆွေးနွေး

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေး၊ လေကြောင်းလိုင်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားဧည့်သည်များ လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံ၌ နှစ်စဉ်ကျင်းပသည့် ခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲများတွင် စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာပါ အချက်များ အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ အစားအသောက်နှင့် အချက်အပြုတ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာန ထူထောင်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးသဘောတူ စာချုပ်လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံအမျိုးသားစာကြည့်တိုက်များ အကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒေါ်နုမြဖံနှင့် ဦးဖြိုးဇော်စိုး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

# မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)ရှိ မီတာ ၆၀၀ အာဆီယံစက်ပစ်ကွင်း၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်နှင့် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်း ဗိုလ်လောင်းများ၊ ရုရှားနိုင်ငံ ရုရှားတပ်မတော်မှ သေနတ်ပစ်အသင်းအဖွဲ့ခေါင်းဆောင် Lieutenant Colonel Andrey SEMENENKO၊ ဒုတိယစစ်သံမှူး Lieutenant Colonel Aleksei OLEINIKOV ၊ နည်းပြအရာရှိများနှင့် ပြိုင်ပွဲဝင်ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအလံကို စက်ပစ်ကွင်းအတွင်း သယ်ဆောင်ပြီး နှစ်နိုင်ငံအလံလွှင့်ထူကာ အလေးပြုကြသည်။ ထို့နောက် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မီတာ ၃၀၀ ဗိုလ်လောင်းရိုင်ဖယ်ပစ်ပြိုင်ပွဲ၊ ၂၅ မီတာ ဗိုလ်လောင်း ပစ္စတိုပစ်ပြိုင်ပွဲ စသည့် ပြိုင်ပွဲအမျိုးအစားအလိုက် သေနတ်ပစ်ပြိုင်ပွဲကို သုံးရက်ကြာ ကျင်းပခဲ့ပြီး ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ-ရုရှား နှစ်နိုင်ငံ ဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲကို ရုရှား-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန်၊ နှစ်နိုင်ငံဗိုလ်လောင်းများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နှစ်နိုင်ငံသေနတ်ပစ်အားကစားနည်းစနစ် ဖလှယ်ရန်အတွက် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ သေနတ်ပစ်ပြိုင်ပွဲသို့တက်ရောက်လာကြသော ရုရှားသေနတ်ပစ်အသင်း အဖွဲ့ခေါင်းဆောင် Lieutenant Colenel Andrey SEMENENKO နှင့် နည်းပြအရာရှိများ၊ ပြိုင်ပွဲဝင်ဗိုလ်လောင်းများသည် ဗထူးတပ်မြို့သို့ ရောက်ရှိစဉ် အောင်မြေစကြာမင်္ဂလာဆုတောင်းပြည့်ဘုရား၊ ဗထူးစမ်း၊ ရပ်စောက်မြို့မဈေးနှင့် မြို့နေပြည်သူများစုပေါင်း၍ ဘုံကထိန်အတွက် လှူဒါန်းထားသောပဒေသာပင်များ လှည့်လည်နေမှုကို စိတ်ဝင်တစား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ Naypyitaw State Academy သို့ သွားရောက်လေ့လာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့် တွေ့ဆုံ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ



ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov နှင့်အဖွဲ့တို့ ညစာအတူတကွသုံးဆောင်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Naypyitaw State Academy သို့ ရောက်ရှိကြရာ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာ နုနုလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ Naypyitaw State Academy ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုစနစ်များဖြင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကို ထိရောက်စွာ သင်ကြားနိုင်ရေး အထောက်အကူပြုပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများနှင့် ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများအသုံးပြု၍ ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများအား စာတွေ့လက်တွေ့ သင်ကြားပို့ချနေမှု၊ အခမ်းအနားများနှင့် ဆွေးနွေးဟောပြောပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် နိုဗိုစီဗစ် ပညာရေးဝန်ကြီးတို့က နိုဗိုစီဗစ်မြို့သည် ရုရှားနိုင်ငံရှိ သိပ္ပံပညာနှင့် ပညာရေးစင်တာ အကြီးဆုံးမြို့များထဲမှ တစ်ခုအပါအဝင်ဖြစ်မှု၊ နိုဗိုစီဗစ်ဒေသတွင် သိပ္ပံပညာနှင့် အသုံးချ သိပ္ပံပညာရပ်များကို လေ့လာသင်ကြားနေသည့် တက္ကသိုလ်ပေါင်း ၅၀ ရှိမှု၊ နိုဗိုစီဗစ်ဒေသရှိ အကြီးဆုံးတက္ကသိုလ်တစ်ခုဖြစ်သည့် နိုဗိုစီဗစ်တက္ကသိုလ်တွင် နယ်ပယ်အသီးသီး၌ အလုပ်လုပ်ကိုင်နေသည့် ကျွမ်းကျင်သူများ၊ စီးပွားရေးဆိုင်ရာ နယ်ပယ်များတွင် ဦးစီးဦးဆောင်အလုပ်လုပ်ကိုင်နိုင်သည့် ပညာရပ်များကိုလည်း သင်ကြားပေးလျက်ရှိမှု၊ တေးဂီတ အနုပညာဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးသည့် နိုဗိုစီဗစ်အနုပညာတက္ကသိုလ်တစ်ခု တည်ရှိမှု၊ နိုင်ငံခြားသား ကျောင်းသားများအား ပညာသင်ကြားနေသည့် အတွေ့အကြုံများ ရှိရုံသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင်လည်း ပုံစံအမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အတွေ့အကြုံများစွာကိုလည်း သင်ကြားပေးလျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းဆွေးနွေးမှုများအပြီးတွင် သိလိုသည်များကို အပြန်အလှန် ဆွေးနွေးဖြေကြားကြပြီး Naypyitaw State Academy အတွင်းရှိ စာကြည့်တိုက်နှင့် ဓာတုဗေဒ လက်တွေ့ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့် Naypyitaw State Academy ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာတက္ကသိုလ်များနှင့် နိုဗိုစီဗစ်ဒေသရှိ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်နိုင်ခြေလေ့လာရေးအတွက် နိုဗိုစီဗစ်ဒေသရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများကို မြန်မာနိုင်ငံသို့ စေလွှတ်ရေး၊ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အေအိုင်နှင့် MSME ဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား ကျောင်းသားကျောင်းသူများ အပြန်အလှန်လည်ပတ်ရေး၊ ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့ကို နိုဗိုစီဗစ်ဒေသသို့ လေ့လာရေးခရီးစေလွှတ်ရေး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် အနာဂတ်တွင် နှစ်နိုင်ငံ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သိရသည်။

ညပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူတကွ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးဒေါက်တာချောချောစိန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov တို့ တွေ့ဆုံဆွေးနွေးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov နှင့်အဖွဲ့ Naypyitaw State Academy အတွင်းရှိ စာကြည့်တိုက်တွင် ကြည့်ရှုလေ့လာစဉ်။

## ဥတ္တရသီရိမြို့နယ်၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား နည်းပညာပေးဆွေးနွေးဆောင်ရွက်

**ဥတ္တရသီရိ နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအားနည်းပညာဆွေးနွေးပွဲကို ယမန်နေ့က သရက်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် တောင်ညိုအုပ်ချုပ်ရေးမှူးရုံးတို့၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများက တောင်သူများအား တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာများ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ သီးနှံထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ ပိုးသတ်ဆေးသုံးစွဲမှုမှန်ကန်စေရေး၊ ပိုးသတ်ဆေးအစားထိုး သဘာဝပိုးသတ်ဆေးများသုံးစွဲရေးနှင့်ဆောင်းသီးနှံအတွက် မျိုးလိုအပ်ချက်မရှိစေရေးတို့ကို နည်းပညာပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော တောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် လိုအပ်သည်များ ပြန်လည်ဖြေကြားပေးခဲ့သည်။



အလားတူ ယနေ့တွင်လည်း ဘုရားတောင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် မိုးစွေကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာတို့တွင် တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် မြန်မာ့ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲ ဆုများချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လှည်းယဉ်ကြော့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြို့မအားကစားကွင်း၌ ပြုလုပ်သည်။

ဆုချီးမြှင့်ပွဲသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသော လူမှုအဖွဲ့အစည်းဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ဦးစွာ မြန်မာ့ရိုးရာလှည်းယဉ်ကြော့နှင့် နွားအလှပြိုင်ပွဲ နောက်ဆုံးနေ့ ဗိုလ်လုပွဲစဉ်ကို ကျင်းပရာ သပြေချောင်းလှည်းယဉ်ကြော့က ပထမ၊ ရွှေဆည်သား လှည်းယဉ်ကြော့က ဒုတိယ၊ ညောင်ငါးပင်(ဥသျှစ်ကုန်း) လှည်းယဉ်ကြော့က တတိယနှင့် ကျားညီနောင်-၂ လှည်းယဉ်ကြော့က အထူးဆု ရရှိကြသည်။




ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အထူးဆုရရှိသည့် ကျားညီနောင်-၂ လှည်းယဉ်အား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆု ကျပ် ၁၀ သိန်းကို လည်းကောင်း၊ တတိယဆုရရှိသည့် ညောင်ငါးပင် (ဥသျှစ်ကုန်း) လှည်းယဉ်အား နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆု ကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရွှေဆည်သားလှည်းယဉ်ကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆု ကျပ်သိန်း ၄၀ ကိုလည်းကောင်း၊ ပထမဆုရရှိသည့် သပြေချောင်းလှည်းယဉ်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေသားဆုကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ တံခွန်စိုက်ဆုဖလားကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ကျန်ပြိုင်ပွဲဝင်လှည်းယဉ်များကို နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဗိုလ်ဝင်းက ဂုဏ်ပြုမှတ်တမ်းနှင့် ငွေကျပ်ငါးသိန်းစီ ချီးမြှင့်သည်။ မြန်မာ့ရိုးရာလှည်းယဉ်ကြော့နှင့် နွားအလှပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လှည်းယဉ် ၂၈ စီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့ရိုးရာ လှည်းယဉ်ကြော့ပြိုင်ပွဲကို ၂၀၂၄ ခုနှစ်တွင် ကျင်းပသည့် (၅၄)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်တွင် စတင်ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဒုတိယအကြိမ် ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလှည်းယဉ်ကြော့ကို ပုဂံခေတ်ကတည်းက စတင်အသုံးပြုလာခဲ့ကာ အလှူမင်္ဂလာပွဲများ၊ မင်းခမ်းမင်းနားနှင့် လယ်ထွန်မင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တရုတ်လှအခြေခံပညာအထက်တန်းကျောင်းရှိ RC တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်လှစ်

**ဘားအံ နိုဝင်ဘာ ၃**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် တရုတ်လှကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ပေ(၉၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

## ကြည့်ရှုစစ်ဆေး

အဆိုပါကျောင်းဆောင်သစ်ကို နိုင်ငံတော်အစိုးရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေကျပ် ၂၆၃ ဒသမ ၈၅၉ သန်းဖြင့် ရွှေမဲကနယ်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ပြီး RC တစ်ထပ်ကျောင်းဆောင်သစ်ကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြ၍ ကျောင်းဆောင် သစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တာဝန်ယူ တည်ဆောက်သည့် ရွှေမဲကနယ်ကုမ္ပဏီက ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင် မိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိန္ဒိယ-ဇာသပြင်လမ်းမှကော့တာမွန်ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့နယ် ကော့ကဒိ ကျေးရွာအုပ်စု ကော့တာမွန်ရွာသစ်ရှိ အဆိုပါလမ်းမုခ်ဦး တည်နေရာ၌ ကျင်းပသည်။




ဦးစွာ ကွန်ကရစ်လမ်းကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ပဒိုအောင်ဆန်း၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပဒိုအောင်ဆန်းနှင့် တာဝန်ရှိသူများက ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသည့် ယဉ်ကျေးမှုအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ပေးကာ ပြည်နယ် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကော့တာမွန်ကျေးရွာအဝင်လမ်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၆၈ ဒသမ ၁၈ သန်းဖြင့် ၁၄ ပေ အကျယ် ကွန်ကရစ်လမ်း ၅ ဒသမ ၅ ဖာလုံကို ဆောင်ရွက်ပြီးစီး၍ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၈၆၆ အိမ်နှင့် လူဦးရေ ၅၇၇၂ ဦးကို အကျိုးပြုစေမည်ဖြစ်ကာ အဆိုပါလမ်းသည် မွန်-ကရင်ပြည်နယ်ချင်းဆက်လမ်းဖြစ်သည့် အိန္ဒိယ-ဇာသပြင်လမ်းနှင့် ချိတ်ဆက်ထား ခြင်းကြောင့်လည်းကောင်း၊ ဘားအံ-မြဝတီ အာရှလမ်းမကြီးနှင့် ချိတ်ဆက်ထားခြင်းကြောင့် လည်းကောင်း၊ ဘားအံ၊ မော်လမြိုင်၊ မြဝတီမြို့တို့သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့လျင်မြန်စွာ သွားလာနိုင်ပြီး ပြည်နယ်နှစ်ခုလုံးသို့ ထုတ်ကုန်စီးဆင်းနိုင်သည့် အဓိကလမ်းတစ်လမ်းလည်း ဖြစ်သည့်အတွက် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ပဒိုအောင်ဆန်းက ဒေသတွင်း ကျေးရွာချင်းဆက် လမ်းများ၊ ကုန်ထုတ်လမ်းများ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသော ကျေးရွာသူ ကျေးရွာသားများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၃**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အထက် ပင့်တက်လေအားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှုအားကောင်းသည့်အတွက် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မဲဆန္ဒရှင်များက ဘောလ်ပင်ဖြင့် အမှန် (✓) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများ ထုတ်ပြန်ကြေညာခြင်း

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၇ အရ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတတည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ ဘောလ်ပင်ဖြင့် အမှန် (✓) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှန်(✓)အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများ



၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၁


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၂


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၃


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၄


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၅


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၆


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၇

ကိုယ်စားလှယ်လောင်း အမည်အကွက်နှင့် ပါတီသင်္ကေတအကွက်နှစ်ခုကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်


၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ _________
အမည်၊ _____________
နိုင်လုံမဲနမူနာပုံစံ - ၈

ပါတီသင်္ကေတအကွက် နှင့် ကွက်လပ်နှစ်ခုအကြားတွင် ဆန္ဒပြုထားသော မဲလက်မှတ်

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ်ဆုံးဖြတ်ရန်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ☆

☆ စာမျက်နှာ ၁၃ မှ




နိုင်လုံမဲနမူနာပုံစံ – ၉

တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသော မဲလက်မှတ်




နိုင်လုံမဲနမူနာပုံစံ – ၁၀

အမှန်ခြစ်ကို ဇောက်ထိုးခြစ်ထားသော မဲလက်မှတ်




နိုင်လုံမဲနမူနာပုံစံ – ၁၁

အမှန်ခြစ်ကို ပီပြင်အောင် ခြစ်မထားသော မဲလက်မှတ်




နိုင်လုံမဲနမူနာပုံစံ – ၁၂

တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသော မဲလက်မှတ်



နိုင်လုံမဲနမူနာပုံစံ – ၁၃

နိုင်လုံမဲ နမူနာများပါအတိုင်း ဆန္ဒပြုထားရမည့်အပြင် မဲလက်မှတ်များ၏ နောက်ကျောဘက်တွင် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်(သို့မဟုတ်)ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ပါရှိသော မဲလက်မှတ်

**မှတ်ချက်။ ။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို နိုင်လုံမဲအဖြစ်ဆုံးဖြတ်ရန်ဖြစ်သည်။**

## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ




ပယ်မဲနမူနာပုံစံ – ၁

ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်




ပယ်မဲနမူနာပုံစံ – ၂

လုံးဝ ဆန္ဒပြုမထားသော မဲလက်မှတ်




ပယ်မဲနမူနာပုံစံ – ၃

အစွန်းအထင်းပါသော မဲလက်မှတ်

**မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ်ဆုံးဖြတ်ရန်ဖြစ်သည်။**

စာမျက်နှာ ၁၅ သို့ ☆

**❋ MNL မှ**

ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးရကာ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက် အသင်းမှာလည်းအဝေးကွင်း၌ နောက်ကျဂိုးများဖြင့် နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။ ရေဝတီယူနိုက်တက် အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၄ မိနစ်တွင် တည်ငြိမ်မင်းက ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ သို့သော် ရေဝတီယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ကစားသမားတစ်ဦး အထုတ်ခံရသဖြင့် ရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီး မိနစ် ၂၀ အတွင်း ဂိုးများ ပြန်ပေးခဲ့ရသည်။

မဟာယူနိုက်တက် အသင်းအတွက် ချေပဂိုးကို မိနစ် ၇၀ တွင် အောင်လှိုင်ဝင်းက သွင်းယူပြီး အနိုင်ဂိုးကို ၈၂ မိနစ်တွင် တိုက်စစ်မှူး ပက်ထရစ်သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရခိုင်ယူနိုက်တက် အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နှစ်ပွဲဆက် အနိုင်ရထားသည့် နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းက ဂိုးပြတ်နိုင်ပွဲဖြင့် သုံးပွဲဆက်အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၈ မိနစ်တွင် စိုးလင်းအောင်၊ ၄၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သန်းတိုးအောင်၊ ၇၈ မိနစ်တွင် ကောင်းမြတ်ငြိမ်း၊ မိနစ် ၉၀ တွင် မာတီးနိုတို့က သွင်းယူပြီး ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၇ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူခဲ့သည်။

ပွဲစဉ်(၈) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၆ ရက်တွင် သန်လျင် သီဟာဒီပကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MNL**

☆ စာမျက်နှာ ၁၄ မှ

# ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ


၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

*

မဲရုံမှူးလက်မှတ်၊ ---------
အမည်၊ ------------

ပယ်မဲနမူနာပုံစံ - ၄
အမှတ်အသားပြုထားသော မဲလက်မှတ်


၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | × |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------
အမည်၊ ------------

ပယ်မဲနမူနာပုံစံ - ၅
ကြက်ခြေခတ်၍ ဆန္ဒပြုထားသော မဲလက်မှတ်


၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------
အမည်၊ ------------

ပယ်မဲနမူနာပုံစံ - ၆
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်


၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------
အမည်၊ ------------

ပယ်မဲနမူနာပုံစံ - ၇
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်


၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်လိမ္မော်သီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------
အမည်၊ ------------

ပယ်မဲနမူနာပုံစံ - ၈
မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်


၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၂။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | ✓ |
| ဒေါ်လိမ္မော်သီး | | ✓ |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------
အမည်၊ ------------

ပယ်မဲနမူနာပုံစံ - ၉
ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်



ပယ်မဲနမူနာပုံစံ - ၁၀
မဲလက်မှတ်များ၏ နောက်ကျောဘက်တွင် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်(သို့မဟုတ်)ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ်
(မဲလက်မှတ်၏ ကျောဘက်တွင် လက်မှတ်ရေးထိုး၍ တံဆိပ်ထုရခြင်း ဖြစ်သည်)

မှတ်ချက်။ ။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ်ဆုံးဖြတ်ရန်ဖြစ်သည်။

**❁ ကျောဖုံးမှ**

တောင်ကိုရီးယားကလပ် ဆူဝမ်အသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုရမ်အသင်း၊ နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် ဂျပန်ကလပ် တိုကျိုဗာဒီ အသင်းနှင့် တောင်ကိုရီးယားကလပ် ဆူဝမ်အသင်း၊ ည ၇ နာရီတွင် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုရမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုသုံးခုမှ အမှတ်အများဆုံး နှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်းရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်းသည် အုပ်စုအဆင့်တွင် ရလဒ်ကောင်းရယူနိုင်ရန် အခြားကလပ်အသင်းများမှ လက်ရွေးစင် ကစားသမားကိုးဦးအား အငှားဖြင့်ခေါ်ယူထားပြီး လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ **ရှိုင်းထက်ဖော်**

**❍ ဘုန်းမောက်မှ**

ဘုန်းမောက်အသင်းနဲ့အတူ ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဘုန်းမောက်အသင်းကို အနိုင်ရရှိပြီး အဆင့်(၂)နေရာ တက်လှမ်းနိုင်ခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းရဲ့ ရမှတ်ကို လိုက်မီဖို့ ခြောက်မှတ်အထိကွာဟနေသေးတာဖြစ်ပါတယ်။

ဘုန်းမောက်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့လို့ အမှတ်ပေးဇယားအဆင့်(၄) နေရာကို ဆင်းပေးခဲ့ရတာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၅ ရက်မှာ ဒွေ့မွန်အသင်းနဲ့ ချန်ပီယံလိဂ်ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ **ငွေကြယ်**

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံဖူးစားပြောင်း ၇၄၈ ဧကအထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၄၈ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး သတ်မှတ်စိုက်ဧက ပြည့်မီစေရန် တောင်သူများက ဆက်လက်ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၃၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ၇၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားချက်ပြည့်မီစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိ၍ ဒေသခံတောင်သူများက ဖူးစားပြောင်းသီးနှံအားမိုးရာသီနှင့်ဆောင်းရာသီတို့တွင်အားထားစိုက်ပျိုးကြကြောင်း၊ ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၃

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျား**

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ အာခါတိုင်းရင်းသားများဟာ ရှမ်းပြည်နယ်အရှေ့ပိုင်း သံလွင်မြစ်အရှေ့ခြမ်း ဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိသည့် လူမျိုးစုတစ်စုဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားများဟာ ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့ယဉ်ကျေးမှု အမွေအနှစ်များကို ယနေ့ထိတိုင် ထူးထူးခြားခြား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မျိုးနွယ်စုတစ်မျိုးဖြစ်ပါတယ်။ မိမိတို့ အာခါတိုင်းရင်းသားလူမျိုးစု၏ အမျိုးသားရေးကို ဖော်ဆောင်သောအားဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့ကျရောက်တိုင်း အာခါအမျိုးသားနေ့ကို ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွှေရတုသဘင် အာခါအမျိုးသားနေ့ တိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းရွှေရတု အာခါအမျိုးသားနေ့ကို ယခု နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ သဝဏ်လွှာပေးပို့ချီးမြှင့်ပြီး အာခါအမျိုးသားများ၏ အမျိုးသားရေးဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုခဲ့ပါသည်။ မိမိလူမျိုးတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများဖြစ်သည့် ခါးထောင်းဖားပွဲတော်၊ ဒန်းစီးပွဲတော်၊ ကြက်ဥနီပွဲတော် စသော ရိုးရာဓလေ့ကို အခြေခံသောပွဲတော်များ စဉ်ဆက်မပြတ် ဖော်ထုတ်ကျင်းပပေးခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ပါတီ၏ဆောင်ပုဒ်၊ ပါတီ၏အလံ၊ ပါတီ၏အမှတ်တံဆိပ်တို့ကို ရှင်းပြပေးလိုပါတယ်။

ပါတီ၏ဆောင်ပုဒ်မှာ မိမိတစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများကို စုပေါင်း၍ မိမိတို့အမျိုးဂုဏ်ကို မြှင့်တင်ကြစို့ဟူ၍ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မိမိလူမျိုး၊ မိမိဒေသနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏အလံမှာ အလယ်ဗဟိုတွင် အနီရောင်ရှိပြီး ပတ်ပတ်လည်မှာ ဝါ၊ စိမ်း၊ ဖြူ၊ ပြာ ဝန်းရံနေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် နေမင်းကြီး၏အောက်မှာ တန်းတူညီမျှအခွင့်အရေးရှိသည်ဟု ဖော်ဆောင်ပါတယ်။

ပါတီ၏ အမှတ်တံဆိပ်မှာ "ဒန်း"ပုံဖြစ်ပြီး အာခါရိုးရာဓလေ့မှ စည်းလုံးညီညွတ်ခြင်း သို့ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံရေးပါတီများပေါ်တွင် များစွာမှီတင်းနေပါသည်ဟု သုံးသပ်ပါတယ်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများကသာလျှင် မိမိတို့နေထိုင်ရာဒေသအနှံ့အပြားရှိ အောက်ခြေလူထုအထိ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနိုင်သည်ဖြစ်၍ လူထု၏လိုအပ်ချက် မြေပြင်အခြေအနေမှန်များကို ထိတွေ့သိရှိနိုင်မည်ဖြစ်ပါတယ်။ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် မူဝါဒများချမှတ်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ မူဝါဒအချို့ကို တင်ပြရမည်ဆိုလျှင် အာခါအမျိုးသားရေး၊ မိမိတို့ အာခါအမျိုးသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံလိုအပ်ချက်များကို မိမိတို့ အာခါလူမျိုးများသာလျှင် ပိုမိုထိတွေ့သိရှိနိုင်ပြီး ပံ့ပိုးဆောင်ရွက်မှုအပိုင်းမှာလည်း အာခါလူမျိုးများကသာ ပိုမိုကျယ်ပြန့်ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါတယ်။ အာခါအမျိုးသားများ၏ ရိုးရာဓလေ့ စာပေ၊ ယဉ်ကျေးမှု အနုပညာ စသည်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်အတွက် အာခါလူမျိုးများသာလျှင် ဦးဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တိုင်းရင်းသားများအရေး** ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု(၁၃၅)မျိုး စုပေါင်းမှီတင်းနေထိုင်ပါတယ်။ တိုင်းရင်းသားများ၏ ကဏ္ဍများတွင် လူမျိုးစုငယ်များ၏ တန်းတူညီမျှရေး အခွင့်အလမ်းများကိုလည်း တိုင်းရင်းသားများ အချင်းချင်းကသာလျှင် ပိုမိုနားလည် ထိတွေ့ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလူမျိုးစုအားလုံး ယုံကြည်မှု၊ နားလည်မှု အပြန်အလှန် တည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

လူမျိုးစုများ၏ အမျိုးအမည် နေထိုင်ရာအရပ်ဒေသ ကွဲပြားခြားနားသကဲ့သို့ လူမျိုးစုတစ်မျိုးစီ မတူကွဲပြားသော နိုင်ငံရေးအယူဝါဒများကို သိရှိနားလည် အလေးထားမှသာလျှင် ၎င်းလူမျိုးစုအသီးသီး၏ဂုဏ်ကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**ပြည်ထောင်စုအရေး** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရ တိုင်းရင်းသားလူမျိုးစုရေးရာ ကိုယ်စားလှယ်များသည် တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ဥပဒေပြုနိုင်သည့် ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ရေး အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ရည်မှန်းပါတယ်။ သို့မှသာ ပါတီစုံဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို ပြည့်စုံစေမှာ ဖြစ်ပါတယ်။

ပါတီစုံပါဝင်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှု မူဝါဒကိုအခြေခံမှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ပါတယ်။

**တပ်မတော်၏ အခန်းကဏ္ဍ** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ရန် တိုင်းရင်းသားများ ငြိမ်းချမ်းရေးရယူပြီး ထာဝရငြိမ်းချမ်းရေး အစဉ်တည်တံ့နိုင်ရန်အတွက်လည်းကောင်း၊ ပြည်ပရန်ကို ကာကွယ်ရန်အတွက်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက်လည်းကောင်း ခေတ်မီတပ်မတော်တည်ဆောက်ရမည်ဟု ယုံကြည်ပါတယ်။

ယနေ့လတ်တလောဖြစ်ပေါ်နေသော ပြည်တွင်းအခက်အခဲများကို တပ်မတော်က အဓိကနေရာမှ တာဝန်ယူဆောင်ရွက်နေမှုအပေါ် တပ်မတော်အား တတ်စွမ်းသမျှ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပြီး အချိန်တိုအတွင်း အေးချမ်းမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ လက်ရှိနိုင်ငံတော်၏ အခြေအနေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရရှိနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ တပ်မတော်သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ရမည်ဟု ယုံကြည်ပါတယ်။

**လုပ်ငန်းစဉ်** အာခါတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား ညီနောင်သားချင်း တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူလက်တွဲပြီး လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ဦးတည်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော အခြေခံစစ်တမ်းကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ခြင်းများကို စနစ်တကျ အဆင့်ဆင့်အကောင်အထည် ဖော်ဆောင်ပါမည်ဟု ချမှတ်ထားသကဲ့သို့ ပါတီစတင်ဖွဲ့စည်းစဉ်ကတည်းက ယနေ့ချိန်အထိ အာခါတိုင်းရင်းသားများ၏ နိုင်ငံရေးကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို မပြတ်မလပ် ဖော်ဆောင်လျက်ရှိပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများ**နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင်များခင်ဗျား အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် (၂၀၂၅)ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အာခါတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်နှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ကိုယ်စားလှယ်လောင်း(၁၅)ဦး ပါဝင်အရွေးကောက်ခံသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို တစ်ထောင့်တစ်နေရာမှ ဖော်ဆောင်မည်ဖြစ်သော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား အာခါတိုင်းရင်းသားများနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တိုင်းရင်းသားညီနောင် မဲဆန္ဒရှင်များ "ဒန်း"ပုံကို ထောက်ခံမဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ငြိမ်းချမ်းကြပါစေ။

**ခေမာရဋ္ဌနေမှ အာခါတိုင်းရင်းသားနှစ်သစ်ကူး "ရွှေရတု"သဘင်ပွဲတော်**

တေးဆို - လီဂါ၊ ထက်အောင်၊ အားဒို၊ အားဖြ၊ ဘူးညဉ့်၊ ဘူးဘဉ့်

တေးရေး - အောင်လွင်ငြိမ်း

ဒီဇင်ဘာမြူနှင်းတွေကျ.. ချယ်ရီပန်း ဖူးပွင့်စ
နံနက်ခင်းမိုးသောက်မှာ..မြူးကြွတဲ့ ဗုံမောင်းတီးသံ
V1- အားမာန်တွေနဲ့ ရှမ်းအရှေ့ ခေမာရဋ္ဌမြေက အာခါသွေးချင်းတို့
စုပေါင်းနှစ်သစ်ကူးတဲ့ပွဲ
ရွှေရတုသဘင်ပွဲတော် အမျိုးသားနေ့
ရက်မြတ်ချိန်ခါ…
V2-သမိုင်းအစဉ်အလာ ဘိုးဘွားအမွေပါ
အာခါယဉ်ကျေးမှုဓလေ့ရိုးရာ..
ညီညွတ်မှုနဲ့ တို့တတွေ အမြတ်တနိုး
ထိန်းသိမ်းလို့နေ
အသီးတစ်ရာအညွှာတစ်ခု ၁၉၇၅-
အစပြု
နှစ်၅၀-သို့တိုင်လာ မော်ကွန်းသစ်တင်
ဟိုး
ရွှေရတုသဘင်ပွဲတော်
Cho…
- လာပါ လာပါ ဟေ့ မိတ်ဆွေတို့ရာ
ချယ်ရီမြေမှ ဖိတ်ခေါ်လျက်ပါ..
ရွှေရတုသဘင်-နှစ်သစ်ကူးပွဲကို အရောက်လာခဲ့ပါ
- လာပါ လာပါ ဟေ့ အမျိုးဆွေတို့ရာ အာခါရိုးရာစုံ
အောင်မြင်တွေ့ရမှာ..ရိုးသားတဲ့တောင်ပေါ်သူတို့
အလှ ချစ်စရာ..
- ရောင်စုံမီးများနဲ့ မြူနှင်းကြားက ဆောင်းညမှာ..
အတူကရင်းနွဲ့ပျော်ကြစို့..ရင်ထဲ
အမြဲသတိရ နေမှာပါ…
[အိမ်အပြန် အမှတ်တရ လက်ဆောင်ဝယ်ရင်း..
(အာခါလို နှုတ်ဆက်ကြမယ် "နီဆားအိုလူ" ချမ်းမြေ့ပါစေ)]

**"နှစ် (၅၀)ရွှေရတုသဘင် "**

တေးရေး - ဆရာအားချေး

တေးဆို - လီဂါ၊ထက်အောင်၊အားဒို၊ အားဖြ၊ ဘူးညဉ့်၊ ဘူးဘဉ့်

V1: ကောင်းကင်မြေကြီး ဖန်ဆင်းရာဝယ်
ကောက်ပဲသီးနှံ ဖန်ဆင်းလို့ကွယ်
အမျိုးဘာသာ ထွန်းကားစေရေး
ရိုးရာဓလေ့ ထိန်းသိမ်းစို့လေ
V2: စည်းလုံးခြင်းဖြင့် နှစ်သစ်ကူးရင်း
အာခါအမျိုးသားနေ့ အစပြုတယ်လေ
ဘိုးဘွားတို့အား အစဉ်အောက်မေ့ကြ
ဦးဆောင်သူတို့အား လေးစားကြ
CHO: နှစ်ပေါင်းငါးဆယ်ပြည့်မြောက်လေပြီ
ရွှေရတုသဘင်ပြည့်လေပြီ
အာခါအမျိုးသားနေ့အား ဂုဏ်ပြုကြ
အာခါအလံအား အလေးပြုကြ
ကောင်းကင် မြေကြီး တည်နေသရွေ့
နေနှင့် လမင်း တည်ရှိနေသရွေ့
အာခါအမျိုးသားနေ့ကို အောက်မေ့ကြ
အာခါအမျိုးသားနေ့ကို နှလုံးသွင်းကြ
V3: အာခါအမျိုးသား စည်းလုံးမယ်လေ
အာခါအမျိုးသား ညီညွတ်မယ်လေ အမျိုးသားအရေး ဝန်ဆောင်မယ်လေ
အမျိုးသားတာဝန်ထမ်းဆောင်စို့လေ

**"ဆန္ဒမဲပေးကြစို့ "**

တေးရေး - ယာထွန်း(ခ)ယားဝန်း

တေးဆို - ယာထွန်း(ခ)ယားဝန်း ဘူးဘဉ့်

V1: အာခါအမျိုးသားတို့ မဲသွားပေးကြစို့
အာခါအမျိုးသားတို့ ဒန်းပုံ ဒန်းပုံကို မမေ့နဲ့နော်
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
CHO: လူကြီးလူငယ်သွေးစည်း လက်တွဲလို့ရှေ့သို့ချီ
ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နှလုံးသွင်းလို့
အာခါအမျိုးသားတို့ အောင်ပွဲဆင်ရမည်
V2: အာခါအမျိုးသားတို့ သွေးစည်းကြပါစို့
နယ်ခြားမြေခြားနေထိုင်ရသော်လည်း အာခါသွေးချင်းတွေပါ
အာခါအမျိုးသားတို့ သွေးစည်းကြစို့
အာခါအမျိုး ဆယ်နွယ်ရှိလည်း တစ်အူထုံ့ဆင်းပါ
အမျိုးသားတာဝန် ထမ်းဆောင်ကြစို့လေ……

# အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  နိုဝင်ဘာ ၃

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးကြည်လွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**မင်္ဂလာပါခင်ဗျာ**

မြန်မာပြည်သူ တိုင်းရင်းသားများအားလုံး အချင်းချင်း အပြန်အလှန်နားလည်မှုများနှင့်အတူ စစ်မှန်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ မြင့်မားတိုးတက်နိုင်ခြင်းများနဲ့ ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးကြည်လွင် ဖြစ်ပါတယ်။ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီကို ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ စတင်ထူထောင်ခဲ့ပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်အမှတ်ကတော့ (၁၅)ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ကျွန်တော်တို့ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လိုအပ်ချက်အရ ပေါ်ထွန်းလာခဲ့တာ ဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်းမှာနေထိုင်ကြတဲ့ ညီအစ်ကို တိုင်းရင်းသားများကြားမှာ အပြန်အလှန်နားလည်တတ်၊ လေးစားတတ်တဲ့ စိတ်ဓာတ်တွေနဲ့ တစ်ဦးချင်း၊ တစ်စုချင်းအလိုက် စိတ်ဓာတ်အရည်အသွေး စွမ်းရည်တွေ မြင့်တက်လာစေဖို့ ဖြစ်ပါတယ်။ အဲဒီလိုမြင့်တက်လာတဲ့ စွမ်းရည်တွေ၊ အရည်အချင်းတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လိုလားဖော်ဆောင်ကြိုးစားနေတဲ့ နိုင်ငံတော်ဘက်စုံပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မည့် လုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ ... အောင်မြင်အောင် ပေးဆပ်ဆောင်ရွက်သွားချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ကျွန်တော်တို့ ... အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ ဖွဲ့စည်းတည်ထောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရေးစင်မြင့်မှာ ကျွန်တော်တို့ အင်းသားလူမျိုးများရဲ့ နိုင်ငံရေးအရ နေရာလေးတစ်ခု ရရှိနိုင်ရေးပဲ ဖြစ်ပါတယ်။ သမိုင်းကြောင်းအရကြည့်ရင် ပြည်ထောင်စုတည်ဆောက်ရေးရဲ့ အဓိကအုတ်မြစ်ဖြစ်တဲ့ ပင်လုံစာချုပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်တို့ အင်းသားလူမျိုးခေါင်းဆောင်တွေရဲ့ ဦးဆောင်ပါဝင်မှု အခန်းကဏ္ဍဟာ ထင်ထင်ရှားရှားပဲဖြစ်ခဲ့ပါတယ်။ သို့သော် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုကို ကိုယ်စားပြုတဲ့ပါတီက ကိုယ်စားလှယ်တွေ ရွေးချယ်တင်မြှောက်ခြင်းမခံရသည့်အတွက် ဒီကာလအတွင်းမှာ ကျင်းပတဲ့ ၂၁ ရာစု ပင်လုံညီလာခံ (၃)ကြိမ်ကျင်းပခဲ့သော်လည်း ကျွန်တော်တို့ အင်းသားလူမျိုးကိုယ်စားပြုတဲ့ ပါတီအနေနဲ့ရော၊ အင်းသားလူမျိုးစု အနေနဲ့ရော တက်ရောက်ရန် ဖိတ်ကြားခြင်းမခံရတဲ့အတွက် ဒီအရေးကြီးတဲ့ ညီလာခံမှာ ကျွန်တော်တို့ အင်းသားလူမျိုးစုအနေနဲ့ ပါဝင်ဆွေးနွေးတင်ပြခွင့် ဆုံးရှုံးခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အင်းသားလူမျိုးစုတွေအနေနဲ့ ၂၀၂၅ ရွေးကောက်ပွဲ အလွန်ကာလ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ ပါဝင်နိုင်ရေးအတွက် ကျွန်တော်တို့ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်တွေကို ထောက်ခံရွေးချယ်ပေးဖို့ မလွဲမသွေလိုအပ်နေပါပြီ၊ လွှတ်တော်ကိုယ်စားလှယ်နေရာများရမှသာလျှင် ကျွန်တော်တို့ အင်းသားလူမျိုးတို့ကလည်း အခြားလူမျိုးများနဲ့အတူ တန်းတူရည်တူအားဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုး၊ လူမျိုးအကျိုးများကို ပါဝင်ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် အလေးနက်ထားပြီး စဉ်းစားဆုံးဖြတ်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျာ။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ရည်ရွယ်ချက်များကတော့...**

- ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အင်းသားတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရေး။
- အင်းသားတိုင်းရင်းသားများနှင့် ညီနောင်တိုင်းရင်းသားများအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ လူမှုစီးပွားရေးဘဝများ စောင့်ရှောက်ထိန်းသိမ်းရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးဆောင်ဆောင်ရွက်နိုင်ရန်။
- အင်းလေးကန်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး။
- ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီ စည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြားပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့် ပူးပေါင်းပါဝင်လှုပ်ရှားသွားနိုင်ရေးတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ .. အင်းသားများ တစုတဝေးတည်းနေထိုင်သည့် အင်းလေးကန်တစ်ဝိုက်ကို အခြေတည်ပြီး အတူနေ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ကယန်း၊ ဗမာ စတာတွေအားလုံး စုပေါင်းပါဝင်မှာဖြစ်သည့်အတွက် အင်းအမျိုးသားအဖွဲ့ချုပ်လို့ အမည်မှည့်တာ ဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားတဲ့အတွက် ဒေသတစ်ခုလုံး နယ်ပယ်အားလုံး၊ လူမျိုးအားလုံးရဲ့ အခက်အခဲလိုအပ်ချက်စတာတွေကို ပြည့်ပြည့်စုံစုံ အသေးစိတ်နားလည်သိရှိမှာဖြစ်ပြီးတော့ အားလုံးစုပေါင်းအဖြေရှာသည့် နည်းလမ်းကို အသုံးပြုဝေဖန်သုံးသပ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ထိရောက်အောင်မြင်သည့် ဆောင်ရွက်ချက်တွေဖြစ်မယ်လို့ .. အလေးအနက် ယုံကြည်ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ အင်းသားလူမျိုးဟာ လက်ရှိအခြေအနေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားလူမျိုးများနဲ့ လူဦးရေ၊ နေရာအကျယ်အဝန်းများဟာ အတူတူလောက်ပဲဆိုပေမယ့် ကျွန်တော်တို့လူမျိုးကတော့ ကိုယ်ပိုင် အုပ်ချုပ်ခွင့် မရခဲ့သည့်အတွက် ဒေသခံများအတွက် ဘတ်ဂျက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အားနည်းခဲ့ရသလို ကလေးများရဲ့ ပညာသင်ကြားရေးဆိုင်ရာမှာလည်း အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရပါတယ်။ ဥပမာအားဖြင့် နယ်စွန်ဒေသ ပင်ကိုထူးချွန်မှုနဲ့ တက္ကသိုလ်ဝင်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သော်လည်း . အမှတ်အနည်းငယ်လိုတာနဲ့.. အဆင့်မြင့်တက္ကသိုလ်ကို တက်ခွင့်မရတဲ့ ဆုံးရှုံးမှုတွေ ရှိပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျက်မှောက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင် ဆောင်ရွက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများတန်းတူ ညီမျှဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ ခံစားရရှိသင့်သည့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများကို နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အတူလက်တွဲဖော်ဆောင်သွားဖို့ကို အလေးအနက် ရည်မှန်းထားရှိပါတယ်။

ဒေသတွင်းရှိ လူငယ်များဟာလည်း ခေတ်ပညာတတ်ဘွဲ့ရတွေ ပိုမိုများပြားလာသလို သူတို့ရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုတွေ ဖြစ်နေပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အလေးထားဆောင်ရွက်သွားချင်တဲ့အပြင် လူငယ်တွေကို သမိုင်းအစဉ်အလာနဲ့ လက်ရှိဘဝဖြစ်စဉ်တွေကို အပြန်အလှန်သုံးသပ်တွေးခေါ်စဉ်းစားပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံဖြတ်ကျော် ကျော်လွှားနိုင်တဲ့ ဘဝပညာများကိုလည်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ချင်ပါတယ်။

အင်းသားတိုင်းရင်းသားများဟာ အင်းလေးကန်အတွင်းနဲ့ ဆက်စပ်နေရာများမှာ နေထိုင်ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အင်းလေးကန်ကြီးဟာ ရေခန်းခြောက်လာခြင်းနှင့်အတူ ယိုယွင်းပျက်စီးမှုတွေဟာ ပိုပြီးဆိုးရွားလာနေပါတယ်။ အဲဒီဆိုးရွားတဲ့ အခြေအနေဟာ ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးကို အထူးထိခိုက်နစ်နာစေပါတယ်။ ၂၀၂၄ ခုနှစ်ရဲ့ ဆိုးရွားလှသော ရေကြီးနစ်မြုပ်မှု၊ ၂၀၂၅ရဲ့ ငလျင်ဘေးဒဏ်၊ ရေကြီးနစ်မြုပ်မှုဘေးဒဏ် စတာတွေဟာ ကျွန်တော်တို့ အင်းသားများရဲ့ အင်းလေးကန်နှင့် ဘဝများကို ပေါင်းစုကာကွယ်နိုင်ရေးအတွက် အရေးကြီးတဲ့ သဘာဝရဲ့ အချက်ပေးသံတွေအဖြစ် မြင်နိုင်ပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးဟာလည်း ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေးမြှင့်တင်ရေးကို ဟန်ချက်ညီညီဖြစ်ထွန်းစေဖို့ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အထူးအားဖြင့် ကျွန်တော်တို့ အင်းလေးဒေသအင်းလေးကန်ရဲ့ ထူးခြားတဲ့ မြေပြင်အနေအထားအရ ကျေးရွာများ၊ နေအိမ်များ၊ ကျွန်းမျောစိုက်ခင်းများဟာ ရေပေါ်မှာတည်ရှိနေပြီး တစ်စုံတစ်ရာသော အာမခံချက်များ မရှိခဲ့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်မှ ဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုမှုနဲ့အတူ အာမခံချက်များရရှိနိုင်ရေးအတွက် ကျွန်တော်တို့ပါတီက ဦးဆောင်ညှိနှိုင်းကာ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ယူနက်စကိုက လူသားနှင့် ဇီဝအဝန်းနယ်မြေ(Man and Biosphere Reserve)အဖြစ် အသိအမှတ်ပြုပြီးဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံများရဲ့ အကျိုးစီးပွား ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးဟာ အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း ယုံကြည်တဲ့အတွက် ဖြစ်ပါတယ်။

အဲဒီလို အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဟန်ချက်ညီဖို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးများအပြင် လယ်ယာနှင့် အင်းလေးဒေသရဲ့ အထူးစိုက်ပျိုးသီးနှံဖြစ်တဲ့ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတွေကို လျော်ညီသောနည်းလမ်း၊ တွက်ခြေကိုက်သောစနစ်များကို ပြုပြင်ဖော်ဆောင်နိုင်ဖို့အတွက် ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ဒေသခံများအနေဖြင့် တရားဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ မိမိတို့ အင်းလေးကန်ကြီးအတွက် မိမိတို့၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခွန်အား အသိတရားတို့ကို မလွဲမသွေ အပြည့်အဝ ပေးဆပ်ဆောင်ရွက်သွားရမည်ဟု အလေးအနက်ယုံကြည်ပါတယ်။

ထို့ပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးယိုယွင်းမှုဒဏ်ကို အချိန်မီကုစားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ တာဝန်ရှိအဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီး၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့၏ ဝိုင်းဝန်းကူညီမှုရရှိစေရေးနှင့် ရရှိသည့်အကူအညီများကို ဒေသဆိုင်ရာလူ့အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများက ထိရောက်စွာ အသုံးပြုနိုင်ရေး မိမိတို့ ပါတီဝင်များအားလုံးက ဦးဆောင်ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်မှုများမှာ အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဆောင်ရွက်နိုင်လျှင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်နိုင်ရေးအတွက် လိုအပ်သော ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ တင်ပြညှိနှိုင်းကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အင်းလေးဒေသဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ခရီးသွားဒေသဖြစ်တဲ့အပြင် သဘာဝအခြေအနေအရ ကမ္ဘာကျော်ဒေသဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အကောင်းဆုံးရဖို့နဲ့ ဒေသခံ မိမိတို့ တိုင်းရင်းသားများကလည်း ခရီးသွားလုပ်ငန်းကို အမှီပြုပြီး ဝင်ငွေတိုးတက်လာစေဖို့အတွက် အထူးအလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ.....**

ကျွန်တော်တို့အနေဖြင့် ခံစားမည့်သူ လူအများက အရည်အသွေးပြည့်ပြည့် စိတ်ဓာတ်မြင့်မြင့်မားမားနှင့် လူမျိုး၊ ဒေသ၊ ပြည်နယ်နှင့် နိုင်ငံတော်အကျိုးကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်မယ့် အစီအစဉ်နှင့် လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယုံကြည်စွာ အားပေးချီးမြှောက်ကြလိမ့်မည်ဟု လေးစားစွာ ယုံကြည်မိပါကြောင်း တင်ပြရင်း အဆုံးသတ်ပါရစေခင်ဗျာ.....။

ကရဝိက်ကူး လာဝေါက်နောင်း
အဝါအဝိင်းကော် အဲင်းဆားတိုင်း
မဲပေးကြနောင်း
အဝါအဝိင်းနောင်း အဝါအဝိင်း
မြန်မာ
ကရဝိက်ကြီး လာပါပြီ
အဝါရောင်အဝိုင်းကို အင်းသားတိုင်း
မဲပေးကြနော်
အဝါအဝိုင်းနော် အဝါဝိုင်း

**အင်းဆားတို့ရဲ့ အောင်ပွဲဆီသို့**

(တူညီရမယ့် တို့ရဲ့ စိတ်ထားတွေ... ဝတ်ဆင်ရမယ့် ရိုးရာပင်နီတွေ....
အောင်မြင်ခြင်းပန်းတိုင်အတွက် ရှေးရှုလို့ကိုယ်စီ ရာကျော် လူစီးတဲ့...
လှေပြိုင်ပွဲတွေ...ရေပြင်လှိုင်းလုံးထက်မှာ လှေလွှမ်းခြုံထားတဲ့
ဘာသာတရားတွေ... ကပ်လှူကြမယ့်.... ကြာသင်္ကန်းတွေ.. အစဉ်အလာ
တိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ...ညီညာစိတ်ထားနဲ့...အရင်းခံရင်းလေ..
ဤမြေထက် ပန်းများဝေစေ) (ဒို့အင်းဆားများ...နဂါးမောက်လှေကိုစီး....
လှေလှော်တဲ့ထုံး နှလုံးမူလို့....ကြင်နာတဲ့စိတ်ထားနဲ့ ဖြူစင်စွာ ရိုးသားတဲ့....
အင်းဆားများ... နဂါးမောက်လှေကိုစီး...လှေလှော်တဲ့စိတ်
ညွတ်ကိုင်းနိုင်စေ....ခွဲမလျှော့တဲ့ အားမာန်ရယ် အလိုက်သင့်တဲ့ပညာရယ်....
ညီညာစွာ လှော်ခတ်ကြမယ်....အောင်ပွဲလှေ)
(ဝေးနေနီးနေ...ဒို့အင်းဆားများ..စုပေါင်းညီညာစို့လေ....လာခဲ့ကြဟေ့...
စုလာကြဟေ့ နားလည်စွာ လက်တွဲလို့ ဖော်ဆောင်မယ်...အမျိုးသားရေး....
တူညီဆန္ဒပြုကြမယ်) (တူညီရမယ့် တို့ရဲ့စိတ်ထားတွေ....ဝတ်ဆင်ရမယ့်
ရိုးရာပင်နီတွေ...အောင်မြင်ခြင်းပန်းတိုင်အတွက် ရှေးရှုလို့ကိုယ်စီ
ရာကျော်လူစီးတဲ့...လှေပြိုင်ပွဲတွေ...ရေပြင်လှိုင်းလုံးထက်မှာလှေ
လွှမ်းခြုံထားတဲ့ ဘာသာတရားတွေ....ကပ်လှူကြမယ့်...ကြာသင်္ကန်းတွေ....
အစဉ်အလာတိုင်းရှိနေဆဲ ငြိမ်းချမ်းရာမြေ....ညီညာစိတ်ထားနဲ့...
အရင်းခံရင်းလေ....ဤမြေထက် ပန်းများဝေစေ) (ဒို့အင်းဆားများ...
နဂါးမောက်လှေကိုစီး..လှေလှော်တဲ့ထုံး နှလုံးမူလို့....ကြင်နာတဲ့စိတ်ထားနဲ့
ဖြူစင်စွာ ရိုးသားတဲ့..... အင်းဆားများ....နဂါးမောက်လှေကိုစီး...
လှေလှော်တဲ့စိတ် ညွတ်ကိုင်းနိုင်စေ...ခွဲမလျှော့တဲ့ အားမာန်ရယ်
အလိုက်သင့်တဲ့ပညာရယ်...ညီညာစွာ လှော်ခတ်ကြမယ်....အောင်ပွဲလှေ)
(ဝေးနေနီးနေ...ဒို့အင်းဆားများစုပေါင်းညီညာစို့လေ...လာခဲ့ကြဟေ့...
စုလာကြဟေ့ နားလည်စွာ လက်တွဲလို့ ဖော်ဆောင်မယ်...အမျိုးသားရေး...
တူညီဆန္ဒပြုကြမယ်) (ဒို့အင်းဆား တို့ရဲ့.......................အောင်ပွဲဆီသို့)[၂]

**စည်းလုံးချိန်တန်ပြီ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ**

တော့အမျိုးဆားကိုယ်စားပြုမယ် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့
ရေရှည်တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့
ဒီအင်းလေးက ... အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထား
တို့အင်းဆား
အင်းဆားအလုပ် တို့အလုပ် အင်းဆားအရေး တို့အရေး တည့်တည့်တွေးကာ
... သွားဖို့ရာ သေသေချာချာ မဲပေးကြစို့ အင်းပါတီကို မဲပေးကြစို့
အင်းလေးဒေသ သဘာဝအင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်း ဘေးကင်း
ဖို့ တို့အမျိုးတွေ ဝန်းရံကြလို့ အင်းပါတီကို မဲပေးကြစို့...
ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစားပါ လက်ရည်တစ်ပြင်တည်း ဖွဲ့စည်း
လိုက်ပြီး အင်းပါတီအများသူငါ မနိုမ်စားစေဖို့ အပြန်အလှန် ဆောင်ရွက်စေဖို့
(အင်းပါတီကို မဲပေးကြစို့) စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ ဝမ်းစာ
ပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို
မဲပေးကြစို့)
တိုးတက်နေတဲ့ ခေတ်ကြီးမှာ ပညာရေးကအဓိကပါပဲ တန်းတူအခွင့်အရေးရဖို့ရာ
အင်းဝန်ကြီးမှာ အဓိက အင်းဆားကိုယ်စားပြုမည့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ
လာပြီ လာပြီ အနာဂတ်ဆီသို့ အချိန်မီ အချိန်မီ လှမ်းခဲ့ကြပါစို့
တို့အင်းလေးကန်ကြီး မပျောက်ပျက်အောင် အင်းဆားတို့ရဲ့ တာဝန်ပဲမို့ ရေရှည်
တည်တံ့စေဖို့ ရေရှည်ခိုင်မာစေဖို့ အင်းပါတီကို မဲပေးကြပါစို့
ဒီအင်းလေးက အလှအပတွေ ဒီအင်းလေးက သဘာဝတွေ ရေရှည်ထိန်းထား
တို့အင်းဆား အင်းဆားအလုပ် တို့အလုပ် အင်းဆားအရေး တို့အရေး တည့်တည့်
တွေးကာ သွားဖို့ရာ သေသေချာချာ မဲပေးကြစို့ အင်းပါတီကို မဲပေးကြစို့
အင်းလေးဒေသ သဘာဝ အင်းရေပြင်လည်းတည်ဖို့ အင်းရေပြင်လည်း ဘေးကင်း
ဖို့ တို့အမျိုးတွေ ဝန်းရံကြလို့ အင်းပါတီကို မဲပေးကြစို့
ကြည်ကြည်သာသာဖြစ်ဖို့ရာ သွားပါစားပါ လက်ရည်တစ်ပြင်တည်း ဖွဲ့စည်း
လိုက်ပြီး အင်းပါတီအများသူငါ မနိုမ်စားစေဖို့ အပြန်အလှန် ဆောင်ရွက်စေဖို့
(အင်းပါတီကို မဲပေးကြစို့)စိုက်ပျိုးရေးကို အခြေခံတာ တို့အင်းဆားတွေ ဝမ်းစာ
ပဲမို့ ဦးဆောင်ပြီးတော့ လမ်းပြမှာ သေသေချာချာစိုက်ပျိုးစေဖို့ (အင်းပါတီကို
မဲပေးကြစို့)[၂]
အင်းဆူအင်းဆား လူခဲများ ဦးဆောင်ပြုမည့် အင်းပါတီ၊ အမျိုးသားရေး
လက်မနှေး မြှင့်တင်ပေးမည် အင်းပါတီ၊ စည်းလုံးအင်အားရှေ့ကထား ညီညွတ်
စေမည် အင်းပါတီ၊ လိုတာဖြည့်ပေး ကျန်းမာရေး ထောက်ကူပြုမည် အင်းပါတီ၊
တို့အင်းဆားတွေ ညီစေဖို့ အင်းပါတီကို မဲပေးစို့၊ စိတ်ဓာတ်အင်အားမြှင့်တင်ဖို့
အင်းပါတီကို မဲပေးစို့၊ (အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ)[၃]

# အဆင့်မြင့် သတင်းအချက်အလက်နည်းပညာများဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ညီလာခံ

## The 6th International Conference on Advanced Information Technologies (ICAIT 2025) အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

သတင်းအချက်အလက် နည်းပညာတက္ကသိုလ်က ကြီးမှူးကျင်းပသော "ဆဋ္ဌမအကြိမ်မြောက် အဆင့်မြင့် သတင်းအချက်အလက်နည်းပညာများဆိုင်ရာ The 6th International Conference on Advanced Information Technologies (ICAIT 2025) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ MICT Park ညီလာခံခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံတကာနှင့်ပြည်တွင်းမှ နည်းပညာ ပညာရှင်များ၊ သုတေသီများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာအသင်းများ၊ အင်ဂျင်နီယာအသင်းချုပ်နှင့် အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ Polytechnic University များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ သုတေသနစာတမ်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ICAIT 2025 ညီလာခံသည် နည်းပညာအသစ်များ၊ အတွေးအခေါ်များနှင့် အသိပညာများကို မျှဝေဖလှယ်နိုင်သည့် အကောင်းဆုံးသော အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ကာ သုတေသနစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ICAIT 2025 ညီလာခံကို အောင်အောင်မြင်မြင် ကျင်းပနိုင်သည့်အတွက် စာတမ်းရှင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ သုတေသနပညာရှင်များ၏ စွမ်းစွမ်းတမံ အားထုတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်ပြုဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စောစန္ဒာအေးက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး Sponsor/ IT ကုမ္ပဏီများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ ညီလာခံကို Online နှင့် Onsite (Hybrid) စနစ်ဖြင့် ကျင်းပဆောင်ရွက်ခဲ့ပြီး Online မှ စာတမ်းဖတ်ကြားသူ ၁၆ ဦး၊ Onsite မှ စာတမ်းဖတ်ကြားသူ ၃၇ ဦး စုစုပေါင်း သုတေသနစာတမ်း ၅၃ စောင်ကို တင်သွင်းဖတ်ကြားခဲ့ပြီး ICAIT 2025 ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အခြားသော Sponsor/ IT ကုမ္ပဏီများနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာ ပူးပေါင်းဆောင်ရွက်မှုသီတင်းပတ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နန်နင်း နိုဝင်ဘာ ၃**

China Media Group(CMG) နှင့် ကွမ်ရှီးကျွမ့်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက် မီဒီယာ ပူးပေါင်းဆောင်ရွက်မှု သီတင်းပတ် (2025 ASEAN Partners Media Cooperation Week) ဖွင့်ပွဲကို ယနေ့တွင် တရုတ်နိုင်ငံ နန်နင်းမြို့ ဝူရှန်းဧည့်ဂေဟာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အဖွဲ့တို့ တက်ရောက်ကြသည်။



ဦးစွာ ကွမ်ရှီးကျွမ့်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသဆိုင်ရာ တာဝန်ရှိသူနှင့် China Media Group ဒုတိယဥက္ကဋ္ဌ မစ္စတာဖန့်ယွင်က တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ မီဒီယာကိုယ်စားလှယ်အဖွဲ့ အကြီးအကဲများအား တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် CPC Gunagxi Committee ပြည်သူ့ရေးရာဌာန ဝန်ကြီး H.E. Chen Yijun၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ H.E.KemGuanwadh၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ထိုင်းနိုင်ငံ Media Development Foundation မှ CEO Dhanakron Srisooksai တို့က အမှာစကားပြောကြားကြသည်။

ဒုတိယဝန်ကြီး ဦးရဲတင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲ သီတင်းပတ်၏ ဦးတည်ချက်မှာ "Openness,Culture, Shared Home" ဖြစ်၍ အဓိပ္ပာယ်များစွာရှိကြောင်း၊ မိမိတို့အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြား ပွင့်လင်းမြင်သာမှု၊ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ခြင်း၊ မီဒီယာကဏ္ဍ အပြန်အလှန်မြှင့်တင်ခြင်းများဖြင့် အချင်းချင်း ပေါင်းသင်းဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသ၏ စွမ်းအားကို မြှင့်တင်စေမည်ဖြစ်ကြောင်း၊ အချင်းချင်း မိသားစုသဖွယ် တစ်မိုးတည်းအောက် အိမ်တစ်အိမ်တည်းတွင် စိတ်တူညီမျှ ညီညွတ်စွာ ပူးပေါင်းနေထိုင်ကြမှသာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိတို့အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုကောင်းများဖြင့် နယ်နိမိတ်များကို ကျော်လွှားပြီး တစ်စုတစ်စည်းတည်းဖြစ်သည့် အသိုက်အဝန်းကို တည်ထောင်နိုင်ရေး မိမိတို့မီဒီယာကဏ္ဍမှ နိုင်ငံအသီးသီးက ပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာ ပူးပေါင်းဆောင်ရွက်မှုသီတင်းပတ် ဖွင့်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့ကြပြီး မှတ်တမ်းတင် Video Clip ကိုပြသကာ အာဆီယံမီဒီယာ လုပ်ဖော်ကိုင်ဖက်များက "China Up Close" ပူးတွဲမီဒီယာ ခရီးစဉ်စတင်ခြင်း၊ ဉာဏ်ရည်တုဖြင့် အဆင့်မြှင့်တင်ထားသော နန်နင်းမြို့၏ ပုံရိပ်မြှင့်တင်ရေး စီမံကိန်းစတင်ခြင်း၊ Micro-Dremas မှတစ်ဆင့် ကွမ်ရှီးနှင့်ထိုင်းနိုင်ငံသို့ ခရီးသွားခြင်း၊ ယဉ်ကျေးမှုခရီးသွားလုပ်ငန်း စတင်ခြင်းနှင့် တရုတ်မီဒီယာ အဖွဲ့အစည်း၏ မူပိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း အခမ်းအနားတို့ကို ကျင်းပခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်လာသော ပြန်ကြားရေးဆိုင်ရာ အကြီးအကဲများသည် တရုတ်နိုင်ငံ မီဒီယာအဖွဲ့ CMG မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ၍ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မီဒီယာကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ အဖွဲ့များသည် နန်နင်းမြို့ Guangxi Anthropology Museum သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ အောက်တိုဘာလအတွက် မီတာဖတ်ရှုနေမှုများနှင့် ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရွှေပေါက်ကံမြို့နှင့် မြောက်ဥက္ကလာပမြို့နယ် လျှပ်စစ် မန်နေဂျာရုံးများသို့ သွားရောက်၍ အောက်တိုဘာလအတွက် မီတာဖတ်ရှုနေမှုအခြေအနေများနှင့် ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိစဉ် မီတာဖတ်ရှုမှုများ မှန်ကန်မှုရှိစေရေး၊ ပိုဖတ်လိုဖတ် မရှိစေရေး၊ မီတာဖြုတ် /ကတ်ပိတ်ကြွေးကျန်များရရှိရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ရွှေပေါက်ကံမြို့ ၃၃/၁၁ ကေဗွီ ကုန်းဘောင်ဓာတ်အားခွဲရုံနှင့် ၆၆/၃၃-၁၁ ကေဗွီမော်ကျွန်း ဓာတ်အားခွဲရုံတို့ကို ရောက်ရှိ၍ လာမည့် နွေရာသီတွင် မြောက်ဥက္ကလာပ မြို့နယ်နှင့် ရွှေပေါက်ကံမြို့တို့သို့ ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရန် လှော်ကားပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ စနစ်ဖြင့် ဓာတ်အားပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ကုန်းဘောင် ဓာတ်အားခွဲရုံတွင် ၃၃ ကေဗွီ Incoming Panel Meter တပ်ဆင်ရေး၊ မော်ကျွန်းဓာတ်အားခွဲရုံတွင် ၆၆/ ၃၃ ကေဗွီ Switch Bay အသစ်တည်ဆောက်ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် စက်မှုဇုန်နှင့် အများပြည်သူအသုံးတို့ကို သီးခြားဖီဒါများ ခွဲထုတ်ရေးဆောင်ရွက်ရန် မှာကြားပြီး မော်ကျွန်းဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်းသစ်ဖြင့် မြောက်ဥက္ကလာပမြို့နယ်သို့ ဓာတ်အားပို့လွှတ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ၃၃/၁၁ ကေဗွီမြို့ရုံး ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေး ဆောင်ရွက်မှု အခြေအနေများနှင့် ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

## ရန်ကုန်တိုင်းဒေသကြီး၌ MSMEs တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဆက်လက်ကျင်းပ




ရန်ကုန်    နိုဝင်ဘာ    ၃

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် MSMEs တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ ဝယ်ယူအားပေးကြသူ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများအပါအဝင် ဈေးဆိုင်ခန်းပေါင်း ၆၃၀ ကျော် ခင်းကျင်းရောင်းချလျက်ရှိပြီး ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အလှမွေးငါးများ၊ အိမ်မွေးတိရစ္ဆာန်များ၊ မြန်မာ့သနပ်ခါးများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက သက်သာသောဈေးနှုန်းများဖြင့် ဆီများကို ရောင်းချပေးလျက်ရှိရာ လာရောက်ကြည့်ရှုဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

**လာရောက်အားပေး**

ဈေးရောင်းပွဲတော်တွင် Talk Show အစီအစဉ်၌ "MSME များအတွက် နည်းပညာဆိုင်ရာနှင့်ပံ့ပိုးမှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပွဲတော်လာပြည်သူများက လာရောက်အားပေးကြသည်။

ဖျော်ဖြေရေးမဏ္ဍပ်၌လည်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ဂီတ၊ သဘင်နှင့် ကျော်ကြားသည့် အနုပညာရှင်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာတို့၏ သီဆိုဖျော်ဖြေမှုများ၊ အလှူရှင်များ၏ နေ့စဉ်စတုဒိသာကျွေးမွေးခြင်း၊ ပွဲတော်လာပြည်သူများသွားလာရေး အဆင်ပြေ လွယ်ကူစေရန် အကြို/ အပို့ယာဉ်များ စီစဉ်ဆောင်ရွက်ထားခြင်း၊ အလှပန်းခင်းများ၊ အလှမီးများနှင့် မီးရှူး မီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



## ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ တန်ဆောင်တိုင်ပွဲတော်၌ လူဦးရေ ၁၅၀၀၀ စတုဒိသာ ကျွေးမွေး

ပဲခူး    နိုဝင်ဘာ    ၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တန်ဆောင်တိုင်ပွဲတော်၌ လူဦးရေ ၁၅၀၀၀ အား စတုဒိသာ ကျွေးမွေးခြင်းကို ယနေ့တွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်အောက်ထပ်ရှိ စိတ္တာသုခခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် စိတ္တာသုခခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့မိ/မြို့ဖများ ပူးပေါင်း၍ တန်ဆောင်တိုင် ပွဲတော်သို့ လာရောက် လည်ပတ်ကြသည့် ဒေသခံပြည်သူများအား စတုဒိသာ ကျွေးမွေးနေမှုကို ကြည့်ရှုအားပေးပြီး စတုဒိသာသုံးဆောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့မိ/မြို့ဖတို့ ပူးပေါင်းမှုဖြင့် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် စတုဒိသာ ကျွေးမွေးသွားမည်ဖြစ်ပြီး စတုဒိသာလာရောက်သုံးဆောင်ကြသူများအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မြိတ်မြို့ တန်ဆောင်တိုင်ပွဲတော်၌ မိုးပျံပူဖောင်းများနှင့် မီးပုံးပျံများ လွှတ်တင်၍ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပ

မြိတ်    နိုဝင်ဘာ    ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ တူယှဉ်နွှဲပျော် တန်ဆောင်တိုင်ပွဲတော်ကို မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကကြီးမှူး၍ နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲတွင် ကမ်းနားလမ်း၌ ရောင်စုံမီးအလှများ၊ မိုးပျံပူဖောင်းများနှင့် မီးပုံးပျံများ လွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

တူယှဉ်နွှဲပျော် တန်ဆောင်တိုင်ပွဲတော်ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ မိုးပျံပူဖောင်းများ၊ မီးပုံးပျံများ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပြီး ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

မြိတ်မြို့၏ တူယှဉ်နွှဲပျော် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရောင်စုံမီးအလှများ၊ မြိတ်ဒေသအစားအစာမုန့်ဆိုင်များအပါအဝင် ဈေးဆိုင်ခန်းများစွာ ရောင်းချကာ တန်ဆောင်တိုင် ပွဲတော်ရက်များအတွင်း ညစဉ်မြိတ်မြို့နယ်ဂီတအစည်းအရုံးမှ မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



## လပွတ္တာမြို့နယ်၌ နိဗ္ဗာန်ဈေးပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



လပွတ္တာ    နိုဝင်ဘာ    ၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ စေတနာရှင်အလှူရှင်များ၏ စတုတ္ထအကြိမ်မြောက် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး စတုတ္ထအကြိမ်မြောက် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ လပွတ္တာမြို့ သကျမာရဇိန်ဆုတောင်းပြည့်ဘုရားကြီး၌ ယနေ့ညနေပိုင်းက ဝက်သားဆန်ပြုတ်ဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခြင်း၊ ခေတ်ပေါ်တေးဂီတများ၊ တီးဝိုင်းများနှင့် အကအလှပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်ရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း၊ ဖျော်ဖြေရေးနှင့် အကအလှပဒေသာများကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မသိုးသင်္ကန်းတော်မြတ်ကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီအချိန်တွင် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သန်လျင်မြို့ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ် တန်ဆောင်တိုင်ပွဲတော် အကြိမ်(၄၀)မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းက စေတီတော်ရင်ပြင် ရှုခင်းသာတန်ဆောင်းရှေ့၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ သန်လျင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးကြည်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

သန်းဝင်း(သန်လျင်)

စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်

# မြန်မာကဗျာဆိုတာ နှစ်ပေါင်းထောင်ချီ ရှင်သန်တည်တံ့လျက်ရှိတဲ့ အမျိုးသားရေးလက္ခဏာတစ်ရပ်၊ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေတစ်ရပ် ဖြစ်ပါတယ်

ဇော်မင်းမင်းဦး

တွေ့ဆုံမေးမြန်း-နဒီမင်း

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်၍ အမျိုးသားစာပေဆုများပေးအပ်ချီးမြှင့်ရန် စာရေးဆရာ ဆရာမများ၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ သို့ပါ၍ စာပေနယ်ပယ်အသီးသီးမှ အမျိုးသားစာပေဆု ရရှိသည့် စာပေပညာရှင်များနှင့် မေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။


ဇော်မင်းမင်းဦး


မောင်ရိုး(ငဖဲ)


သက်ဦးခင်


ပါမောက္ခ ကိုကိုအောင်

**ကဗျာဆရာ၊ စာရေးဆရာ ဇော်မင်းမင်းဦး နယ်နိမိတ်နှင့် စည်းရိုးစာအုပ်ဖြင့် အမျိုးသားစာပေကဗျာ (ဂန္ထဝင်ဆု)**

အမျိုးသားစာပေဆု ချီးမြှင့်ခံရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်၊ အမျိုးသားစာပေဆုဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်အဆင့် အမြင့်ဆုံးစာပေဆုတစ်ခုပါ၊ အခုနယ်နိမိတ်နှင့် စည်းရိုးစာအုပ်က တတိယအကြိမ် အမျိုးသားစာပေဆုရတာပါ၊ ၁၉၉၄ ခုနှစ်တုန်းက တေးမြွှန်းဆက် ကဗျာများစာအုပ်နဲ့ ပထမအကြိမ် ရခဲ့ပါတယ်၊ ၂၀၀၂ ခုနှစ်မှာ ပထမဆုကဗျာများစာအုပ်နဲ့ ဒုတိယအကြိမ် ရခဲ့ပါတယ်၊ အခု ၂၂ နှစ်ကြာပြီးမှ အမျိုးသားစာပေဆုကို တတိယအကြိမ် တစ်ခါပြန်ရတော့ အထူးဝမ်းသာမိတာ အမှန်ပါပဲ၊ ဒီကြားထဲမှာ ပတ္တမြားကဗျာများ စာအုပ်ထုတ်ဖြစ်ပါတယ်။ အဲဒီစာအုပ်ကလည်း ၂၀၁၈ ခုနှစ် စိမ်းလန်းရွှေပြည်စာပေဆု (ကဗျာပေါင်းချုပ်) ရခဲ့ပါတယ်။ ကဗျာလေးအုပ်ထုတ်ဖြစ်ခဲ့ပြီး လေးအုပ်လုံး နိုင်ငံတော်အဆင့် ဆုတွေရခဲ့တာ တကယ့်ကို အမှတ်တရ ဂုဏ်ယူမဆုံးဖြစ်ရပါတယ်၊ ကျွန်တော်က မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံကို ချစ်တယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာစေချင်တယ်၊ မြန်မာပြည်သူတွေကိုလည်း အမိနိုင်ငံကိုချစ်တတ်စေချင်တယ်၊ နိုင်ငံ့မျက်နှာ ကြည့်တတ်စေချင်တယ်၊ စည်းလုံးညီညွတ်စေချင်တယ်၊ အသိမှန် အမြင်မှန် ရစေချင်တယ်၊ လူတော်လူကောင်းတွေ ဖြစ်စေချင်တယ်၊ ဒါ့အပြင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမယ်ဆိုတာကို ထဲထဲဝင်ဝင် ရှုမြင်ခံယူစေချင်တယ်၊ နိုင်ငံနဲ့ ပြည်သူ့အတွက် အသက်နဲ့ခန္ဓာကို စတေးပြီး စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်နေကြရတဲ့ ဘဝတွေကို နားလည်စာနာ တန်ဖိုးထားတတ်စေချင်တယ်။ ဒီဆန္ဒ ဒီအမြင်အတွေးတွေကို အခြေခံပြီး နယ်နိမိတ်နဲ့ စည်းရိုးကို ရေးဖြစ်ခဲ့ပါတယ်၊ စေတနာ၊ ဆန္ဒတွေကများတော့ ကဗျာစာအုပ်ပါအကြောင်းအရာတွေကလည်း တော်တော်စုံပါတယ်၊ ရေးဖွဲ့ရာမှာ မြန်မာကဗျာ ပီပီသသ၊ မြန်မာကဗျာ စပ်ထုံးစပ်နည်းများနှင့်အညီ ရေးဖွဲ့ထားပါတယ်၊ တကယ်တော့ မြန်မာကဗျာဆိုတာ နှစ်ပေါင်းထောင်ချီရှင်သန်တည်တံ့လျက်ရှိတဲ့ အမျိုးသားရေးလက္ခဏာတစ်ရပ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေတစ်ရပ် ဖြစ်ပါတယ်၊ မြန်မာလူမျိုးတစ်ယောက်အတွက် မိခွေ၊ ဖခွေ မြန်မာစာပေ၊ မြန်မာ ကဗျာဟာ သိပ်ကို အရေးပါပါတယ်၊ မြန်မာလူမျိုးတိုင်းက မြန်မာကဗျာ စစ်စစ်တွေကို ချစ်မြတ်နိုး တန်ဖိုးထားလေးစားဖို့လိုပါတယ်၊ ဒီခံယူချက်ယုံကြည်ချက်တွေနဲ့ပဲ ကျွန်တော်က တစ်ဖက်မှာ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်ရင်း အခြားတစ်ဖက်မှာ ဒီနေ့ခေတ် ဂန္ထဝင်ကဗျာလို့ ခေါ်တဲ့ မြန်မာကဗျာစစ်စစ်တွေကို မြတ်နိုးတန်ဖိုးထားပြီး တစိုက်မတ်မတ် ရေးဖွဲ့စပ်ဆိုရင်း ထိန်းသိမ်းစောင့်ရှောက် မြေတောင်မြှောက်နေခြင်းဖြစ်ပါတယ်။

**ကိုယ်ရေးအကျဉ်း**

**ကဗျာဆရာ၊ စာရေးဆရာ ဦးဇော်မင်းမင်းဦးကို အဖ ဆေးအရာခံဗိုလ် ဟန်တင်(ငြိမ်း)၊ အမိ ဒေါ်သန်းမြင့်တို့မှ ၁၉၆၃ ခုနှစ်တွင် မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် ပညာကြိုးစားခဲ့ပြီး ၁၉၇၈-၁၉၇၉ ခုနှစ်တွင် နှစ်ထပ်ကွမ်းလူရည်ချွန်တစ်ဦးဖြစ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ မြန်မာစာရမှတ် ၈၄ မှတ်ဖြင့် ထိုစဉ်က မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး စံချိန်သစ်တင်၍အောင်မြင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် စစ်တက္ကသိုလ် အမှတ်စဉ် (၂၆) ဗိုလ်လောင်းသင်တန်းသို့ တက်ရောက်ခွင့်ရခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် B.Sc(D.S.A) ဘွဲ့ရရှိကာ တပ်မတော်(ရေ)၌ ဒုတိယဗိုလ်မှူးကြီး အဆင့်ထိ တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနသို့ ကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့ရပြီး ၂၀၁၁ ခုနှစ်မှစ၍ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီး၊ အမြဲတမ်းအတွင်းဝန် ရာထူးတာဝန်များ အဆင့်ဆင့် ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၁၉၈၄ ခုနှစ်မှစ၍ ကလောင်အမည် ဇော်မင်းမင်းဦးဖြင့် စာနယ်ဇင်းမျိုးစုံ၌ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲများတွင် တပ်မတော်၏ မြတ်မော်ကွန်းကဗျာဖြင့် ကဗျာရှည် ပထမဆုအပါအဝင် ပထမဆု သုံးဆု၊ ဒုတိယဆု နှစ်ဆု၊ အထူးဆု ငါးဆု ဆွတ်ခူး ရရှိခဲ့သည်။ လက်ရှိအချိန်ထိ ပုံနှိပ်ဖော်ပြပြီး ကဗျာပုဒ်ရေ ၇၀၀ ကျော်နှင့် ဆောင်းပါးပုဒ်ရေ ၂၀၀ ခန့် ရေးသားခဲ့ပြီး ၁၉၉၄ ခုနှစ် အမျိုးသားစာပေဆုကဗျာပေါင်းချုပ်ကို "တေးမြွှန်းဆက်" ကဗျာများ၊ ၂၀၀၂ ခုနှစ် အမျိုးသားစာပေဆုကဗျာပေါင်းချုပ်ကို "ပထမကဗျာဆု"များ၊ ၂၀၁၈ ခုနှစ် စိမ်းလန်းရွှေပြည် စာပေဆုကဗျာပေါင်းချုပ်ကို "ပတ္တမြားကဗျာ"များဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ် (ပထမအဆင့်)၊ ၂၀၂၃ ခုနှစ်တွင် စာပေပညာထူးချွန်တံဆိပ် (တတိယအဆင့်)တို့ရရှိခဲ့သည်။**

**စာရေးဆရာ မောင်ရိုး(ငဖဲ) လွမ်းရတမ်းတပ့်ါငဖဲမြေ ကျွန်တော်တို့ရွာ ကျွန်တော်တို့ ဓလေ့-၂ စာအုပ်ဖြင့် (အမျိုးသားစာပေ-စာပဒေသာဆု)**

ကျွန်တော့် နာမည်က ဦးကျော်ကျော်စိုးပါ၊ ကလောင်အမည် မောင်ရိုး(ငဖဲ)ဖြစ်ပြီး ကလောင်ခွဲ နာမည်ကတော့ "လမ်းမတော် မောင်ရိုး" ဖြစ်ပါတယ်၊ အမျိုးသားစာပေဆု ရတဲ့အပေါ် ခံစားချက်ကတော့ "စာဖတ်သူတွေကို အမျိုးသားအကျိုးစီးပွားအတွက် ပြောပြချင်တဲ့စကားတွေ ပြောပြတာကို" နိုင်ငံတော်က အသိအမှတ်ဆု ချီးမြှင့်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

စာအုပ်ရေးဖြစ်တဲ့ အကြောင်းကတော့ "ဓလေ့နဲ့အရွေ့" ကြားမှာ ဘယ်ဟာကို ဘယ်လိုငြင်းပယ်လက်ခံကြရင်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်သင့်သလဲဆိုတာလေးကို ပြောပြချင်လို့ ရေးဖြစ်တာပါ။

ချစ်ခင်စည်းလုံးရိုးပင်းကြတဲ့ မြန်မာ့ဓလေ့တွေကို တိုးတက်ပြောင်းလဲနေတဲ့ ခေတ်အရွေ့တွေနဲ့ ဘယ်လိုလက်ခံ ငြင်းပယ်ပေါင်းစပ်ကြရင်း အခွင့်အလမ်းတွေရ ယူရမယ်ဆိုတာကို စဉ်းစားရင်း ရေးဖြစ်တာပါ။

**ကိုယ်ရေးအကျဉ်း**

**ဦးကျော်ကျော်စိုး (မောင်ရိုး(ငဖဲ))ကို အဖ တပ်ကြပ်ကြီး ကျော်သန်း အမိ ဒေါ်စန်းလေးတို့က မွေးဖွားခဲ့သည်၊ အထကငဖဲတွင် သူငယ်တန်းမှ ၁၀ တန်းအထိ တက်ရောက် အောင်မြင်ခဲ့ပြီး တပ်တော်ထဲသို့ဝင်ကာ ဗိုလ်မှူးချုပ်အဆင့်၊ ဒုတိုင်းမှူး၊ တပ်မမှူး တာဝန်များအပြင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၁၇-၂၀၂၀) ထိ ဥပဒေကြမ်းကော်မတီ၊ တိုင်းရင်းသားရေးရာ ကော်မတီနှင့် ပြည်သူ့ငွေစာရင်းစိစစ်ရေးကော်မတီတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်နေပြီး လာမည့် ၂၀၂၅ ရွေးကောက်ပွဲတွင် လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပညာအရည်အချင်းမှာ ဝိဇ္ဇာဘွဲ့ (စိတ်ပညာ) နှင့် မဟာဝိဇ္ဇာဘွဲ့(ကာကွယ်ရေးပညာ) တို့ကို အောင်မြင်ခဲ့သည်။**

**စာရေးဆရာမ သက်ဦးခင် မြန်မာ့ရတနာကလေးကဗျာများ စာအုပ်ဖြင့် (အမျိုးသားစာပေ (ဝတ္ထုတိုဆု))**

၂၀၂၄ ခုနှစ် အတွက် အမျိုးသားစာပေဆု(ကလေးစာပေ)ရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးမှု ဖြစ်ရပါတယ်ရှင့်၊ ကလေးစာပေကို စိုက်လိုက်မတ်တတ် ရေးလာခဲ့တာဆိုရင် ဆယ်စုနှစ်တစ်ခု ကျော်ခဲ့ပါပြီ။ မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်း ပေးပို့ပြီး ကိုယ့်ကဗျာစာမူလေး ဖော်ပြခံရဖို့ အမြဲကြိုးစားခဲ့ရပါတယ်။

၂၀၁၄ ခုနှစ် မတ်လထုတ် ရွှေသွေးဂျာနယ်မှာ နွားနို့သောက်ပါ မောင်ရွှေဝါဆိုတဲ့ ကဗျာလေး စတင်ဖော်ပြခံရတဲ့အခါ အားတက်လာပြီး ဆက်လက်ကြိုးစား ရေးသားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ တောပန်းစံပယ် ကလေးကဗျာများစာအုပ်၊ ၂၀၁၈ ခုနှစ်မှာ နိုင်ငံ့ရင်သွေးကလေးကဗျာများ စာအုပ်တို့ ထုတ်ဝေခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုကို ဖူးစီဝေလန်းရောင်စုံပန်း ကလေးကဗျာများစာမူနဲ့ ရရှိပါတယ်။ ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆုကို မင်္ဂလာရှိသောနေ့နှင့်ကလေးဝတ္ထုတိုများ စာမူနဲ့ရရှိပါတယ်။ ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ပထမဆုကိုမြန်မာ့ရတနာကလေးကဗျာများစာမူနဲ့ ရရှိခဲ့ပါတယ်။ ပထမရရှိတဲ့ မြန်မာ့ရတနာကလေးကဗျာများ စာမူဟာ ၂၀၂၄ ခုနှစ် စာပေဗိမာန်က ထုတ်ဝေပါတယ်။

ဒီစာအုပ်ဟာအခု ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိတာဖြစ်ပါတယ်ရှင့်။ ကလေးစာပေတွေ ရေးနိုင်ဖို့အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းနဲ့ ဆုရွေးချယ်ပေးပါသော စာပေပညာရှင်ကြီးများကို ရိုသေလေးစားစွာ လက်အုပ်မိုးကန်တော့လိုက်ပါတယ်ရှင့်။ ကလေးစာပေ ရေးသားရတဲ့ ရည်ရွယ်ချက်ကတော့ လူရယ်လို့ ဖြစ်လာရင် ကလေးဘဝကစတင်ပြီး ကြီးပြင်းရတာပါ။ ကလေးမှာ နုနယ်ပျော့ပျောင်းတဲ့ နှလုံးသားရှိပါတယ်။ နုနယ်တဲ့ဦးနှောက်နဲ့ အမှတ်သညာရှိပါတယ်။ ကလေးအရွယ်မှာ သူ့ပတ်ဝန်းကျင်က လူတွေရဲ့အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုကစ အတုယူတတ်ပါတယ်။ ဒီတော့နုနယ်တဲ့အရွယ်မှာ ကောင်းမွန်သော အကျင့်သီလ၊ အတွေးအခေါ်၊ အပြုအမူတွေ စွဲမြဲနေဖို့လိုပါတယ်။ မိဘ၊ ဆရာသမားတွေရဲ့အဆုံးအမတွေထဲမှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ငါးပါးသီလ၊ ငါးရာ့ငါးဆယ်ဇာတ်၊ နိပါတ်တော်ကြီးတွေ၊ ဇာတကဝတ္ထုတွေ၊ ၃၈ ဖြာမင်္ဂလာတရားတော်နဲ့ အညီ ရေးသားထားတဲ့ ပုံပြင်လေးတွေ၊ ကဗျာလေးတွေကို အမြဲကြားနာမှတ်သားနေရရင် ကလေးတွေရဲ့နှလုံးသားက ဖြူစင်လာပါတယ်။

ကလေးတွေဟာ တိုင်းပြည်ရဲ့ ရတနာလေးတွေ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ မျိုးဆက်သစ်ရတနာလေးတွေ နှလုံးသားလှနေဖို့၊ လိမ္မာယဉ်ကျေးဖို့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်တတ်တဲ့စိတ် ပေါ်ထွန်းဖို့ဆိုတာ လမ်းညွှန်ပြသပေးတဲ့စာပေက အရေးကြီးပါတယ်။ ဒီလိုစာပေတွေထဲမှာမှ ကလေးတွေ ဖတ်မှတ်သိလွယ်တဲ့ ကလေးစာပေဟာ အရေးအကြီးဆုံး ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ကိုယ်ရေးတဲ့ ကလေးစာပေဟာ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မယ့် မျိုးဆက်သစ်လူငယ်လေးတွေအတွက် ကြီးမားသော အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ကလေးစာပေကို မြတ်နိုးစွာ ရေးသားရခြင်းဖြစ်ပါတယ်။

**ကိုယ်ရေးအကျဉ်း**

**ဆရာမ ဒေါ်သက်ဦးခင်ကို အဖ ပန်းပုဆရာကြီး ဦးသက်ထွေး၊ အမိ ဒေါ်ခင်ညွန့်တို့က ၁၉၅၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ ချမ်းသာရပ်တွင် မွေးဖွားခဲ့သည်။**

စာမျက်နှာ ၂၁ သို့

# ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ဆောင်သောအားဖြင့် တန်ဆောင်မုန်းလပြည့် အခါသမယနေ့ထူးနေ့မြတ်၌ မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်ရေးအတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေပိုင်းတွင် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရာဟုထောင့်အောင်မြေ၌ ကျင်းပသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၃၇)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် သန္တာရတနာစင်တော်၊ ဥဿဖယားရတနာစင်တော်၊ စိန်ရတနာစင်တော်၊ ရွှေရတနာစင်တော်၊ နီလာရတနာစင်တော်၊ မြရတနာစင်တော်၊ ပုလဲရတနာစင်တော်၊ ကျောက်စိမ်းရတနာစင်တော်၊ ပတ္တမြားရတနာစင်တော် စုစုပေါင်း ရက်ကန်းစင်တော် ကိုးစင်၊ ရက်ကန်းခတ် ကျွမ်းကျင်သူအမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု ငွေကျပ် သိန်း ၄၀၊ ဒုတိယဆု ငွေကျပ် ၃၅ သိန်း၊ တတိယဆု ငွေကျပ်သိန်း ၃၀၊ စတုတ္ထဆုငွေကျပ် ၂၅ သိန်း၊ နှစ်သိမ့်ဆု ငွေကျပ် ၁၅ သိန်းစီနှင့် ဂုဏ်ပြုဆုဖလား ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ဗိုလ်တထောင်စေတီတော်ရင်ပြင်တော်ပေါ်ရှိ တိုးချဲ့ဓမ္မာရုံရင်ပြင်၌ ကျင်းပသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆုငွေကျပ် ရှစ်သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်လေးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့ညနေပိုင်းတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ခုနစ်စင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ နှစ်သိမ့်ဆု ငွေကျပ် ငါးသိန်း၊ ဆုဖလားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ စေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်နှင့် စေတီတော်ပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

# သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ တတိယအကြိမ် ဟိန္ဒူရိုးရာ "ဒီပါဝလီ" ဆီမီးထွန်းပွဲတော်ကျင်းပ

တာမွေ နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဃ်န်းကျွန်းခရိုင်က ကြီးမှူးကျင်းပသော တတိယအကြိမ် ဟိန္ဒူရိုးရာ "ဒီပါဝလီ" ဆီမီးထွန်းပွဲတော်အခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရာမာခရစ္စနားမစ္စရှင်ဘုရား ရှိခိုးဝတ်ပြုကျောင်း၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးဇော်ဇော်နိုင်၊ ဦးအောင်ဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ဟိန္ဒူရိုးရာ "ဒီပါဝလီ" ဆီမီးထွန်းညှိ၍ အခမ်း အနားကိုဖွင့်လှစ်ပြီး တက်ရောက်လာကြသော ဂုဏ်သရေရှိ လူကြီးမင်းများအား "ဒီပါဝလီ" ခြုံလွှာ နှင့် ဂုဏ်ပြုပန်းကုံးများ ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး နာယက ဦးဘနီက ဟိန္ဒူဘာသာကိုယ်စား "ဒီပါဝလီ" ပွဲတော်နှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စည်သူက ကျေးဇူးတင်စကား ပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား VJ Dancer Group ဟိန္ဒူရိုးရာယဉ်ကျေးမှုအကအဖွဲ့မှ ဆီမီးအက၊ ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်၍ ဒီပါဝလီ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

❒ စာမျက်နှာ ၂၀ မှ

ချမ်းသာရပ် မူလတန်းကျောင်း၊ စလင်းကြီး အထက်တန်းကျောင်း၊ မုံရွာ အထက (၁) တို့တွင် ပညာသင်ကြားခဲ့သည်။ ချမ်းသာရပ် မူလတန်းကျောင်းတွင် စေတနာဆရာမအဖြစ် လေးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စာရေးဝန်ထမ်းအဆင့် (၁) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်က ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ မြို့နယ် ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုများရရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် တောပန်းစံပယ်ကလေးကဗျာများ၊ ၂၀၁၈ ခုနှစ်တွင် နိုင်ငံ့ရင်သွေးကလေးကဗျာများ၊ ၂၀၁၉ ခုနှစ်တွင် သဲတစ်ပွင့်စီနှင့် အခြားကဗျာများ စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆု (၂၀၂၀)၊ စာပေဗိမာန်စာမူဆု၊ လူငယ်စာပေဒုတိယဆု(၂၀၂၀)နှင့် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆု(၂၀၂၁)၊ (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစာမူပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ကဗျာပြိုင်ပွဲ၌ နှစ်သိမ့်ဆု(၂၀၂၁)၊ (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစာမူပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ကဗျာပြိုင်ပွဲ၌ ဒုတိယဆု (၂၀၂၂) တို့ ရရှိခဲ့သည်။ ယခုအခါ မင်္ဂလာဒုံမြို့နယ်စာရေးဆရာအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဘဏ္ဍာရေးမှူးအဖြစ်ဆောင်ရွက်ရင်း မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာပေများ ရေးသားလျက်ရှိသည်။

**စာရေးဆရာ ပါမောက္ခ ကိုကိုအောင် (သိပ္ပံစာရေးဆရာ ကိုကိုအောင်)ခေတ်သစ်လူထု သိပ္ပံကျမ်းစာအုပ်ဖြင့် အမျိုးသားစာပေ သုတပဒေသာ (ရိုးရိုးသိပ္ပံဆု)**

၂၀၂၃ နဲ့ ၂၀၂၄ နှစ်နှစ်ဆက်တိုက် အမျိုးသားစာပေဆု ရရှိတဲ့ ဘာသာရပ်ကတော့ သုတပဒေသာ ရိုးရိုးသိပ္ပံဖြစ်ပါတယ်၊ ၂၀၂၃ ခုနှစ်အတွက် နျူကလီးယားရူပဗေဒဘာသာရပ်နဲ့ ရရှိခဲ့တာပါ၊ အခု ၂၀၂၄ မှာတော့ Popular Science နဲ့ ရရှိခဲ့တာဖြစ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်က သိပ္ပံပညာရှင်တစ်ဦးဖြစ်ပြီး ဧည့်ပါမောက္ခအဖြစ်ပါ တာဝန်ထမ်းဆောင်နေသူမို့ အခုလို သိပ္ပံဘာသာရပ်နဲ့ အမျိုးသားစာပေဆုကို ဆက်တိုက်ရရှိတာ ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါတယ်၊ ကျွန်တော်က လူထုသိပ္ပံကျမ်း၊ မြန်မာ့ရည်ညွှန်းကျမ်းနဲ့ စွယ်စုံကျမ်း ပညာရှင်လည်းဖြစ်ပါတယ်၊ စာရေးသက်က ၅၂ နှစ်ရှိပါပြီ။

**ကိုယ်ရေးအကျဉ်း**

စာရေးဆရာ ပါမောက္ခ ဦးကိုကိုအောင်သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာဘွဲ့ရရှိခဲ့ပြီး အင်ဂျင်နီယာချုပ်အဆင့်အထိ ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်၊ ကောလိပ်သိပ္ပံနှင့် သင်တန်းကျောင်း ၃၀ ကျော်တို့တွင် သိပ္ပံပညာရှင်နှင့်ဧည့်ပါမောက္ခအဖြစ် မဟာဘွဲ့ယူကျမ်းများ ကြီးကြပ်ခြင်း၊ ဘာသာရပ်များ သင်ကြားခြင်း၊ ပို့ချဆွေးနွေးခြင်းများကို နှစ်ပေါင်းများစွာ ဆောင်ရွက်နေဆဲဖြစ်ပြီး နိုင်ငံတကာမှ ပေးအပ်ချီးမြှင့်သော ပညာရှင်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များကိုလည်းရရှိခဲ့သည်။ ကလောင်အမည်မှာ သိပ္ပံစာရေးဆရာ ကိုကိုအောင်ဖြစ်ပြီး စာရေးသက်နှစ်ပေါင်း ၅၀ အတွင်း သိပ္ပံဆိုင်ရာ ဆောင်းပါး ၃၀၀၀ ကျော်ရေးသားခဲ့သည်။ ပြည်တွင်း၊ ပြည်ပ၌ သိပ္ပံဆိုင်ရာ ဖြန့်ဝေမှုများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ သိပ္ပံပညာဆိုင်ရာ ရေဒီယိုဟောပြောပို့ချချက်နှင့် ရုပ်မြင်သံကြားအစီအစဉ်ပေါင်း ၆၀၀ ကျော်ကို နှစ်ပေါင်း ၂၀ ခန့်အတွင်း အသံလွှင့် / ထုတ်လွှင့်ပေးခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ သိပ္ပံနှင့်နည်းပညာဆု ရွေးချယ်ချီးမြှင့်ရေးကောင်စီက အလေးဂရုပြုရသော သိပ္ပံပညာရှင်အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး ကမ္ဘာလုံးဆိုင်ရာ သိပ္ပံနှင့် နည်းပညာဆုအတွက် ကမ္ဘာ့သိပ္ပံပညာရှင်များ၏ အမည်စာရင်းကို တင်သွင်းခွင့်ရှိသော ပုဂ္ဂိုလ်အဖြစ် တစ်ပါတည်း အသိအမှတ်ပြုခဲ့သည်။

အမေရိကန်၊ ဥရောပ၊ ဩစတြေးလျ၊ အာဖရိက၊ အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံပေါင်းများစွာတို့၌ ကျင်းပခဲ့သော၊ ကျင်းပဆဲဖြစ်သော သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကွန်ဖရင့် နှီးနှောဖလှယ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲနှင့် အစည်းအဝေးများသို့ နိုင်ငံနှင့် အဖွဲ့အစည်းများကို ကိုယ်စားပြု၍ လူကိုယ်တိုင် အကြိမ်ပေါင်းများစွာနှင့် Virtual Platform မှတစ်ဆင့် အကြိမ်ပေါင်းများစွာ တက်ရောက်ဆွေးနွေးပို့ချခြင်း၊ အကြံပြုခြင်းနှင့် စာတမ်းဖတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် သိပ္ပံပညာရှင်၊ အကြံပေးပညာရှင်၊ အကဲဖြတ်ပညာရှင်၊ ဝါရင့်စာပေပညာရှင် မြန်မာ့ရည်ညွှန်းကျမ်းပညာရှင်၊ လူထုသိပ္ပံကျမ်းပညာရှင်နှင့် ဧည့်ပါမောက္ခတို့အဖြစ် ရပ်တည်ရင်း သိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

# မြောင်းမြမြို့နယ်၌ မျိုးစေ့ချကိရိယာနှင့် ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်၊ ပဲကြီး မျိုးစေ့ပေးအပ်ပွဲ ကျင်းပ



**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာတွင် မျိုးစေ့ချကိရိယာနှင့် ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်၊ ပဲကြီး မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပြီး တောင်သူများထံသို့ မျိုးစေ့ချကိရိယာနှင့် ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်၊ ပဲကြီး မျိုးစေ့ပေးအပ်ခဲ့သည်။

**လိုက်လံကြည့်ရှု**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးမှထွက်ရှိသည့် အရည်အသွေးကောင်းမွန်သည့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြဲခင်းများပပျောက်ရေးအတွက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တောင်သူများကလည်း လိုက်ပါဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဆီဖူလုံရေးအတွက် နေကြာစိုက်ပျိုးမှုကို ယခင်နှစ်ကထက် ဧကရှစ်သောင်းကျော် တိုးမြှင့်စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိပြီး ပဲပုပ်၊ ပဲကြီး ရောနှောစိုက်ပျိုးခြင်းဖြင့်လည်း ဆီဖူလုံမှုကို အထောက်အကူရရှိပြီး ပဲပုပ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မြောင်းမြခရိုင်သည် စိုက်ပျိုးရေးတွင် အောင်မြင်ဖြစ်ထွန်းသည့် ခရိုင်ဖြစ်သဖြင့် တောင်သူများအနေဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများထံသို့ မျိုးစေ့ချကိရိယာနှင့် ရေဆင်းစပ်မျိုးနေကြာ(၁) မျိုးစေ့များကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မျိုးစေ့ချကိရိယာနှင့် ပဲပုပ်မျိုးစေ့များကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပဲပုပ်မျိုးစေ့နှင့် ပဲကြီးမျိုးစေ့များကိုလည်းကောင်း၊ သယံဇာတရေးရာဝန်ကြီးက ပဲပုပ်မျိုးစေ့နှင့် ရေဆင်းစပ်မျိုးနေကြာ(၁) မျိုးစေ့များကိုလည်းကောင်း ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မျိုးစေ့ချကိရိယာများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရွှေညောင်မြို့၌ ဆောင်းနေကြာစိုက်ပျိုးရန် ထွန်ယက်နေမှုအခြေအနေကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ဆောင်းနေကြာစိုက်ပျိုးရန် ထွန်ယက်နေမှုအခြေအနေကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ရွှေညောင်မြို့ရှိ နဂရတ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ဆောင်းနေကြာစိုက်ပျိုးရန် ထွန်ယက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆောင်းနေကြာစိုက်ပျိုးထားသည့် သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်လျက်ရှိသည့် သွင်းအားစု၊ ငွေကြေးအရင်းအနှီးများ ရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လျာထားချက်များအတိုင်း ပြည့်မီစွာ စိုက်ပျိုးသွားကြရန်နှင့် သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ဟုမ္မလင်းမြို့နယ်၌ မိုးစပါး အောင်နိုင်တိုး စံကွက်ရိတ်သိမ်း ကွင်းသရုပ်ပြပွဲကျင်းပ

**ဟုမ္မလင်း နိုဝင်ဘာ ၃**

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးအောင်နိုင်တိုး (၆၆x၆၆)ပတ်လည် စံကွက်ရိတ်သိမ်းကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် ဟုမ္မလင်းမြို့နယ် နားနုံးကျေးရွာ တောင်သူဦးအောင်စိုးလွင်၏လယ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက မိုးစပါးအောင်နိုင်တိုး(၆၆x၆၆)ပတ်လည် စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူ ဦးအောင်စိုးလွင်၏ မိုးစပါးအောင်နိုင်တိုး စိုက်ခင်း၏ (သုည ဒသမ ၁၀)ဧကကို စံကွက်ရိတ်သိမ်းပြီး ခြွေလှေ့စက်ဖြင့် ခြွေလှေ့ရာ စံကွက်အထွက် ၁၄ တင်း၊ တစ်ဧက အထွက်နှုန်း အစိုတင်း ၁၄၀ ထွက်ရှိခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းသရုပ်ပြပွဲသို့ ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**





## ကန့်ကြီးထောင့်မြို့နယ်၌ မိုးစပါးရိတ်သိမ်းမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကန့်ကြီးထောင့် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်အတွင်း သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာရှိ သမဝါယမအသင်းသားတောင်သူ၏ မိုးစပါးသီးနှံ ဆာဖိုးသာမျိုးစပါးရိတ်သိမ်းမှုအခြေအနေကို ယနေ့နံနက်ပိုင်းက ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်ခိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကန့်ကြီးထောင့်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ကျေးရွာလေးရွာ၊ သမဝါယမအသင်းလေးသင်း၊ အသင်းသား ၁၅၂ ဦး၊ စိုက်ဧက ၁၂၀၀ အနက် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာ ရွှေကွင်းသာ စိုက်/ထွေ အသင်းမှ အသင်းသားတောင်သူ ဦးသံမဏိ၏ ဆာဖိုးသာစပါး သုံးဧကကို ရိတ်သိမ်းခဲ့ရာ တစ်ဧကပျှမ်း အထွက်နှုန်း ၁၁၂ တင်းထွက်ရှိခဲ့ကြောင်းနှင့် တာဝန်ရှိသူများက အခြားလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

**မင်းလှ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးဆော်ဩခြင်းကို ယနေ့နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးဟိန်းထက်အောင်နှင့် တပ်ဖွဲ့ဝင်များက မင်းလှမြို့နယ် ကွက်သစ်ရပ်ကွက်အတွင်းနေထိုင်ကြသော မိဘပြည်သူများအား မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိသတိဖြင့် နေထိုင်ကြရန်၊ မီးကို စနစ်တကျသုံးစွဲရန်၊ မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များ အတိုင်း လိုက်နာ ဆောင်ရွက်ထားရှိရန်၊ မီးဘေးအန္တရာယ်များ ကြုံတွေ့လာပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန် စသည်ဖြင့် မီးဘေးအန္တရာယ် သတိပေးဆော်ဩခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဘယ်သူတွေ ဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ဧရာဝတီတံတား(ရတနာသိင်္ဂီ)”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မမြင်ရသောလက်၊ မြင်ရသောလက်

စောနိုင် (အသုံးချဘောဂဗေဒ)

**အက်ဒမ်စမစ် ( ၁၇၂၃-၁၇၉၀)၏ မမြင်ရသောလက် အယူအဆတွင် ဈေးကွက်ကို မည်သူမှ မနှောင့်ယှက်သင့်၊ အစိုးရအနေဖြင့် ဈေးကွက်ထဲသို့ ဝင်ရောက်စွက်ဖက်မှုမပြုလုပ်သင့်၊ ဈေးကွက်အင်အားစုဖြစ်သည့် ဝယ်လိုအား နှင့် ရောင်းလိုအား အင်အားနှစ်ရပ် အခြေအနေကိုမူတည်၍ ဈေးကွက်သည် သဘာဝကျကျ ဖြစ်ပေါ်နေလိမ့်မည်ဟု ဆိုထားသည်။ အကယ်၍ ဈေးကွက် မတည်ငြိမ်မှုဖြစ်လာခဲ့လျှင်လည်း အစိုးရအပါအဝင် မည်သည့်အဖွဲ့အစည်း ကမှ ဝင်ရောက်စွက်ဖက် ထိန်းကျောင်းပေးစရာမလို။ ဈေးကွက်အင်အားစုများ ကပင် သူ့အလိုအလျောက် ပြန်လည်ထိန်းကျောင်းသွားနိုင်သည်ဟူသော အယူအဆဖြစ်**

### မမြင်ရသောလက်

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်က ကျမ်းရိုး ဘောဂဗေဒဂုရုတစ်ပါးဖြစ်သည့် အက်ဒမ်စမစ် (Adam Smith) ၏ The Wealth of Nations စာအုပ်ထဲရှိ မမြင်ရသောလက် (invisible hand) အိုင်ဒီယာ၊ အယူအဆသည် စာသင်သားများသာမက ပြင်ပလောကရှိ စီးပွားရေးပညာရပ်ကို စိတ်ဝင်တစားလေ့လာသူများကြားတွင် လူသိများ ထင်ရှား၏။

**အက်ဒမ်စမစ် ( ၁၇၂၃-၁၇၉၀)၏ မမြင်ရသောလက် အယူအဆတွင် ဈေးကွက်ကို မည်သူမှ မနှောင့်ယှက်သင့်၊ အစိုးရအနေဖြင့် ဈေးကွက်ထဲသို့ ဝင်ရောက်စွက်ဖက်မှုမပြုလုပ်သင့်၊ ဈေးကွက်အင်အားစုဖြစ်သည့် ဝယ်လိုအားနှင့် ရောင်းလိုအား အင်အားနှစ်ရပ်အခြေအနေကိုမူတည်၍ ဈေးကွက်သည် သဘာဝကျကျဖြစ်ပေါ်နေလိမ့်မည်ဟု ဆိုထားသည်။ အကယ်၍ ဈေးကွက်မတည်ငြိမ်မှုဖြစ်လာခဲ့လျှင်လည်း အစိုးရအပါအဝင် မည်သည့်အဖွဲ့အစည်းကမှ ဝင်ရောက်စွက်ဖက် ထိန်းကျောင်းပေးစရာမလို။ ဈေးကွက်အင်အားစုများကပင် သူ့အလိုအလျောက် ပြန်လည်ထိန်းကျောင်းသွားနိုင်သည်ဟူသော အယူအဆဖြစ်သည်။**

အက်ဒမ်စမစ်ထက် များစွာရှေးကျသည့် ဘောဂဗေဒ အတွေးအခေါ်ပညာရှင် Dudley North (၁၆၄၁-၁၆၉၁) ဆိုသူကလည်း ဈေးကွက်ထဲတွင် အစိုးရဝင်ရောက်စွက်ဖက်ခြင်းကိစ္စကို မနှစ်သက်ခဲ့ကြောင်း၊ အစိုးရဝင်ရောက်စွက်ဖက်မှုသည် ဘက်လိုက်မှုအခြေအနေများ ဖြစ်လာစေနိုင်ကြောင်း ၎င်း၏ရေးသားမှုများထဲ၌ ဖော်ပြထားသည်ကို တွေ့ရသည်။ အချို့က မမြင်ရသောလက်၏အစွမ်းကို ပဥ္စလက်ဟုလည်း တင်စားခေါ်ဝေါ်ကြ၏။

### မြင်ရသောလက်

**ဈေးကွက်အတွင်း အစိုးရ၏ ဝင်ရောက်ပတ်သက်စွက်ဖက်မှုကို မြင်ရသောလက် (visible hand) ဟု ရည်ညွှန်းပြောလေ့ရှိသည်။ ဈေးကွက်ပုံမှန်လည်ပတ်နိုင်ရေး အခက်အခဲရှိနေချိန်တွင် အစိုးရအနေဖြင့် ပေါ်ပေါ်ထင်ထင် ဝင်ရောက်ပတ်သက်လုပ်ကိုင်ရသဖြင့် မြင်ရသောလက်ဟု ဆိုခြင်းဖြစ်သည်။ အက်ဒမ်စမစ်၏ "မမြင်ရသောလက်" အားနည်းချက်ဖြစ်ပေါ်လာချိန်၊ ၂၀ ရာစု အစောပိုင်းကာလက ပေါ်ထွက်လာသည့် ဗြိတိသျှ ဘောဂဗေဒပညာရှင် ဂျွန်မေနတ်ကိန်းစ် (John Maynard Keynes) ၏ အိုင်ဒီယာဖြစ်၏။**

အက်ဒမ်စမစ်၏ မမြင်ရသောလက် အတွေးအခေါ် အထွတ်အထိပ်ရောက်ရှိနေချိန်၊ လွတ်လပ်စွာလည်ပတ်လှုပ်ရှားနေသော ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် အမေရိကန်စီးပွားရေးပြိုလဲလျက် ကမ္ဘာ့စီးပွားရေးကပ်ပျက်ကြီး (Great Depression) ဖြစ်သွားခဲ့သည်။ အဆိုပါ ၁၉၃၀ ကမ္ဘာ့စီးပွားရေး ပျက်ကပ်ကြီးသည် အထိန်းအကွပ်မဲ့ လွတ်လပ်လွန်းသော ဈေးကွက်စနစ်၏ အားနည်းမှုကို တစ်ကမ္ဘာလုံးက သတိပြုမိစေရန် လက်တွေ့ကျကျ ပြသလိုက်သကဲ့သို့ပင်။ ယခင်က လက်ခံခဲ့ကြသည့် ဈေးကွက်အတွင်း အစိုးရ လုံးဝဝင်ရောက်မစွက်ဖက်ရေးအယူအဆပေါ်တွင် ပို၍ သံသယရှိသွားခဲ့၏။

ကမ္ဘာ့စီးပွားပျက်ကပ်ကာလအလွန်၌ ယခင် ဘောဂဗေဒပညာရှင်များ၏ အိုင်ဒီယာများနှင့် မတူသည့် ကွဲပြားခြားနားသော အိုင်ဒီယာများ ပေါ်ထွက်လာခဲ့သည်။ ပညာရှင် ဂျွန်မေနတ်ကိန်းစ် (၁၈၈၃-၁၉၄၆) ၏ အိုင်ဒီယာသည်ထင်ရှား၏။ ဈေးကွက်လှုပ်ရှားမှု ပျက်ယွင်းသွားသည့်အခြေအနေတွင် အစိုးရအနေဖြင့် ဈေးကွက်ပြန်လည်လည်ပတ်နိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းများ၊ နည်းလမ်းများဖြင့် ပြန်လည်ထိန်းကျောင်းရန် လိုသည်ဟူ၍ဖြစ်သည်။

အစိုးရ ပါဝင်ပတ်သက်မှုမရှိသည့် စီးပွားရေးစနစ်အတွင်း၌ ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝအသုံးချနိုင်ခြင်းမရှိ၊ အလုပ်အကိုင် အခွင့်အလမ်းများလည်း အပြည့်အဝမရရှိဖြစ်သဖြင့် အစိုးရအနေဖြင့် စီးပွားရေးစနစ်တွင် အထိုက်အလျောက် ဝင်ရောက်စွက်ဖက်ရမည်ဟု ယုံကြည်ခဲ့ကြသည်။

### အတွေးအခေါ်၊ အယူအဆများနှင့် လက်တွေ့အခြေအနေ

မြင်ရသောလက် သို့မဟုတ် ဈေးကွက်အတွင်း အစိုးရပါဝင်မှုနှင့်ပတ်သက်သည့် အယူအဆ၊ အတွေးအခေါ်များကို ကျမ်းရိုးဘောဂဗေဒဂုရု အက်ဒမ်စမစ်မတိုင်ခင် ကာလများကတည်းက အတွေးအခေါ် ပညာရှင်အချို့က ဖော်ထုတ်ထားခဲ့ကြပြီးဖြစ်သည်။

အက်ဒမ်စမစ်ထက် အနည်းငယ်စောသည့် စကော့တလန်လူမျိုး ဘောဂဗေဒပညာရှင် James steuart (၁၇၁၂-၁၇၈၀) ၏ အယူအဆမှာ အစိုးရအနေဖြင့် လူနည်းစုအကျိုးကိုမကြည့်သင့်၊ လူနည်းစုက လူများစုအပေါ်တွင် ခေါင်းပုံဖြတ် အမြတ်ကြီးစားသည့်အပြုအမူမျိုး၊ လွတ်လပ်ခွင့်ကိုလည်းမပေးသင့်ဟု ထောက်ပြသည်။ အစိုးရအနေဖြင့် အများပြည်သူ့အကျိုးစီးပွားအတွက် ဈေးကွက်အတွင်း ဝင်ရောက်ပတ်သက်မှုကို မဖြစ်မနေပြုလုပ်ရမည်ဟုဆိုသည်။

အက်ဒမ်စမစ်၏ ခေတ်ပြိုင်ပညာရှင် Joseph Tucker (၁၇၁၃-၁၇၉၉) ကလည်း ဈေးကွက်အတွင်း အစိုးရ ဝင်ရောက်ပတ်သက်သည့် အယူဝါဒကို လက်ခံယုံကြည်သည်။ ၎င်းက လူတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားသည် တစ်ခါတစ်ရံတွင် လူအများ၏ အကျိုးစီးပွားနှင့် ဆန့်ကျင်ဘက်ဖြစ်လာနိုင်သည်။ ထို့ကြောင့် တစ်ဦးချင်း၏ အကျိုးစီးပွားနှင့် လူအများ အကျိုးစီးပွားကြား ပဋိပက္ခမဖြစ်စေရေးထိန်းကျောင်းမှုပြုနိုင်ရန် အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်မှုကို ပြုလုပ်သင့်သည်ဟုလည်း ထောက်ပြခဲ့ဖူးသည်။

ဆွစ်လူမျိုးသမိုင်းပညာရှင်နှင့် နိုင်ငံရေးဘောဂဗေဒပညာရှင် Sismondi (၁၇၇၃-၁၈၄၂)၊ ပြင်သစ်အတွေးအခေါ်ပညာရှင်နှင့် ဆိုရှယ်လစ်သီအိုရီပညာရှင် St. Simon (၁၇၆၀- ၁၈၂၅) တို့၏ အယူအဆများတွင် လည်းကောင်း၊ အခြားသော စိတ်ကူးယဉ်ဆိုရှယ်လစ်အတွေးအခေါ်၊ သိပ္ပံနည်းကျဆိုရှယ်လစ်အတွေးအခေါ်များတွင် လည်းကောင်း အစိုးရ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ အလေးထား ဖော်ပြထားသည်ကို တွေ့ရ၏။ အမေရိကန် ဘောဂဗေဒပညာရှင် John Rogers Commons (၁၈၆၂-၁၉၄၅) ဆိုသူကလည်း ကွဲပြားသော လူ့အဖွဲ့အစည်းများကြား တစ်ဖက်စောင်းနင်း မဖြစ်စေရန် အစိုးရ ဝင်ရောက်ဆောင်ရွက်သင့်သည်ဟူသောအယူအဆကို ဖော်ထုတ်ခဲ့ဖူးသည်။

သို့သော် ဈေးကွက်အတွင်း အစိုးရ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပညာရှင် Keynes ၏ အိုင်ဒီယာအပါအဝင် ပညာရှင်အချို့၏ အယူအဆများ၌ အားနည်းချက်များရှိသည်ဟု သုတေသီတို့က ထောက်ပြခဲ့ကြသည်။ ဈေးကွက်စနစ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် အားနည်းချက်များ ထိန်းကျောင်းရေး၊ စီးပွားရေးပျက်ကပ်များမဖြစ်စေရေးတို့အတွက် အစိုးရများက ဝင်ရောက်ပတ်သက်၊ ထိန်းကျောင်းနေသည့်တိုင် စီးပွားရေး မတည်ငြိမ်မှုများမှာ ယခင်ရာစုနှစ်များကကဲ့သို့ပင် ၂၁ ရာစုအချိန်ကာလအထိ ဆက်လက်ကြုံတွေ့နေရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးစနစ်အတွင်း အစိုးရဝင်ရောက်ပတ်သက်ရမည့် အခြေအနေသည်လည်း အမြဲတမ်းမှန်ကန်သော ယူဆချက်မဟုတ်ကြောင်း သုံးသပ်ချက်များ ရှိလာခဲ့ပြန်သည်။

### သင်ခန်းစာများနှင့် စဉ်းစားစရာများ

ကျမ်းရိုးဘောဂဗေဒပညာရှင် အက်ဒမ်စမစ်၏ မမြင်ရသောလက်အယူအဆသည် စာသင်ခန်းတွင်း ဖတ်စာအုပ်ထဲမှ သမိုင်းသင်ခန်းစာအဖြစ်သာ မှတ်ယူလျက် လက်တွေ့အခြေအနေအတွက် ရာနှုန်းပြည့် သဘောမတွေ့ကြတော့။ ထို့အတူ ၁၉၃၀ ကမ္ဘာ့စီးပွားရေး ပျက်ကပ်ကြီးနှင့်အတူ ထင်ရှားလာသော ဘောဂဗေဒပညာရှင် ဂျွန်မေနတ်ကိန်းစ်၏ မြင်ရသောလက်အယူအဆတွင်လည်း ဆက်လက်စဉ်းစားစရာများ ရှိနေခဲ့သည်။

မမြင်ရသောလက် အယူအဆဖြင့် ဝယ်လိုအား၊ ရောင်းလိုအား အခြေအနေသည် ဈေးကွက်ကို သူ့အလိုအလျောက် လည်ပတ်စေသည်ဟု လက်ခံထားသော်လည်း market failure ဟု ခေါ်သည့် ဈေးကွက်လည်ပတ်မှုအခက်အခဲများ ဖြစ်ပေါ်လာနိုင်သဖြင့် မမြင်ရသောလက်သည် အမြဲစွမ်းရည်မရှိနိုင်။ မြင်ရသောလက်ဟုခေါ်သော အစိုးရ၏ ပါဝင်ပတ်သက်မှုသည်လည်း government failure ဟုခေါ်သည့် အစိုးရလိုအပ်ချက်များ ရှိလာနိုင်သဖြင့် ဈေးကွက်ကို အမြဲတမ်း အထောက်အပံ့ မဖြစ်နိုင်။

မမြင်ရသောလက်၏ စွမ်းဆောင်ရည်ကို တည်ငြိမ်သော မက်ခရိုစီးပွားရေးဝန်းကျင်၌သာ မြင်တွေ့နိုင်မည်။ စီးပွားရေးစနစ်အတွင်း သို့မဟုတ် ဈေးကွက်အတွင်း မမြင်ရသောလက်၏ စွမ်းရည်ရှိနေပါက မြင်ရသောလက် (အစိုးရပါဝင်ပတ်သက်မှု) လိုအပ်မည်မဟုတ်ပေ။ လူဖန်တီးသော မတည်ငြိမ်မှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ရောဂါကပ်ဆိုးများ စသဖြင့် အခြေအနေများကြောင့် စီးပွားရေးအခြေအနေ၊ ဈေးကွက်အခြေအနေတည်ငြိမ်မှု ပျက်ပြားလာရသည့်အခါ မြင်ရသောလက် လိုအပ်လာလိမ့်မည်။ ထိုအခြေအနေမျိုးတွင် မြင်ရသောလက်အနေဖြင့် စွမ်းရည်ပြည့်ပြည့်ဝဝဖြင့် လုပ်ဆောင်နိုင်ရန်မှာ အစိုးရယန္တရား၏ စွမ်းဆောင်ရည်ရှိမှု၊ ထိရောက်စွာ လုပ်ဆောင်တတ်မှုအပေါ် မူတည်ပေသည်။

### သင့်တင့်သောယှဉ်တွဲမှု

၂၁ ရာစုအတွင်းသို့ ရောက်ရှိခဲ့ပြီ။ ကမ္ဘာ့နိုင်ငံအများစုတွင် ဈေးကွက်မတည်ငြိမ်မှုများ မကြာခဏဖြစ်ပေါ်နေဆဲဖြစ်သည်။ စီးပွားရေးအင်အားကြီးနိုင်ငံကြီးများဖြစ်သော ဈေးကွက်အခန်းကဏ္ဍကို ဦးစားပေးသည့် အမေရိကန်စီးပွားရေးအဆောက်အအုံတွင် လည်းကောင်း၊ အစိုးရ၏အခန်းကဏ္ဍကို အလေးထားသော တရုတ်စီးပွားရေး အဆောက်အအုံအတွင်း၌လည်းကောင်း စီးပွားရေး၊ ဘဏ္ဍာရေး မတည်ငြိမ်မှုများ၊ ဈေးကွက်ထိတ်လန့်မှုများ မကြာခဏ ဖြစ်ပေါ်နေသဖြင့် တည်ငြိမ်မှုရရှိရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အဖြေရှာနေကြဆဲဖြစ်သည်။

အဖြေရှာနေရင်းမှာပင် အစိုးရနှင့် ဈေးကွက်သည် ဆန့်ကျင်ဘက်အရာနှစ်ခုမဟုတ်ဘဲ သင့်လျော်သည့်အခြေအနေဖြင့် ယှဉ်တွဲဖြစ်ပေါ်နေသော သဘာဝရှိသည်ကို သဘောပေါက်ရန်လိုသည်။ ထို့အတူ ဈေးကွက်ကို လွတ်လပ်လွန်းစွာလွှတ်ထားပါက ဆိုးကျိုးများဖြစ်စေသကဲ့သို့ ဈေးကွက်အတွင်း အစိုးရ၏ ဝင်ရောက်ပတ်သက်မှု များပြားလွန်းပါကလည်း အခက်အခဲ အကျပ်အတည်းများဖြစ်စေသည်ကိုပါ လက်ခံနားလည်သင့်ပါသည်။ ။

**ဈေးကွက်အတွင်း အစိုးရ၏ ဝင်ရောက်ပတ်သက်စွက်ဖက်မှုကို မြင်ရသောလက် ( visible hand ) ဟု ရည်ညွှန်းပြောလေ့ရှိသည်။ ဈေးကွက် ပုံမှန်လည်ပတ်နိုင်ရေး အခက်အခဲရှိနေချိန်တွင် အစိုးရအနေဖြင့် ပေါ်ပေါ် ထင်ထင် ဝင်ရောက်ပတ်သက်လုပ်ကိုင်ရသဖြင့် မြင်ရသောလက်ဟုဆိုခြင်း ဖြစ်သည်။ အက်ဒမ်စမစ်၏ "မမြင်ရသောလက်" အားနည်းချက်ဖြစ်ပေါ် လာချိန်၊ ၂၀ ရာစု အစောပိုင်းကာလက ပေါ်ထွက်လာသည့် ဗြိတိသျှဘောဂ ဗေဒပညာရှင် ဂျွန်မေနတ်ကိန်းစ် ( John Maynard Keynes ) ၏ အိုင်ဒီယာဖြစ်**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၆-၁၀-၂၀၂၅ ရက်နေ့မှအဆက်)

ထိုကိလေသာများ ငြိမ်းအေးရန် ကျင့်ရာ၏ ဟူ၍ မာတိကာ ခင်းထားပြီး "ဓာတုဝိဘင်္ဂ" သုတ်ကို အကျယ်အားဖြင့် ဟောကြားတော်မူ၏။ ထိုတရားတော်ကို ကြားနာပြီးသော ပုက္ကုသာတိသည် အနာဂါမ်ဖြစ်သွားလေသည်။

၎င်းသည် ဤတရားနာနေစဉ်ပင် ဤပုဂ္ဂိုလ်သည် ဘုရားဖြစ်မည် သံသယဖြစ်နေရာမှ အနာဂါမ်ဖြစ်သွား၍ သူ့ကိုဟောကြားသောပုဂ္ဂိုလ်မှာ ဘုရားရှင်စင်စစ်ဖြစ်သည်ကို သိလေသည်။


ပုက္ကုသာတိသည် အရုဏ်တက်၍ တရားပြီးဆုံးသွားသောအခါ ၌ ဘုရားရှင်အား ဦးတိုက်လျက် "မြတ်စွာဘုရား ရှင်တော်ဘုရားသည် တပည့်တော်အား ကရုဏာရှေ့ထား၍ ကြွလာပေသည်။ ဘုရားရှင်အား ဘုရားမှန်းမသိ၍ "ငါ့အရှင်"ဟု သုံးနှုန်းပြောမိပါ၏။ တပည့်တော်အား ခွင့်လွှတ်ပါရန်အပြစ်ကို သည်းခံပါ"ဟု တောင်းပန်လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က "သင်သည် ဘုရားရှင်မှန်းမသိ၍ ပြောဆိုမိသည်ကို ငါဘုရားရှင် ခွင့်လွှတ်ပါသည်။ **အပြစ်ကို အပြစ်ဟုမြင်၍ ထိုအပြစ်ကို ကုစားခြင်းသည် ငါဘုရား၏ အဆုံးအမဖြစ်ပေသည်**"ဟု မိန့်တော်မူလေ၏။

ထို့နောက် ဘုရားရှင်အား ရဟန်းပြုခွင့်တောင်းခံသည်။ ဘုရားရှင်က "ပုက္ကုသာတိသည် ရှေးဘဝက ပရိက္ခရာသင်္ကန်း ရှစ်ပါးကို မလှူခဲ့ပေ" ဟု မြင်တော်မူ၏။ ဧဟိဘိက္ခုဟု ခေါ်တော်မမူဘဲ "ရဟန်း သင်သည် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ စသည်တို့ ရှာဖွေဦးလော့"ဟု မိန့်တော်မူလေသည်။ ပုက္ကုသာတိသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဘုရားရှင်ထံမှ ထွက်ခွာသွားလေသည်။

ဘုရားရှင်ကလည်း ရောင်ခြည်တော်များကို လွှတ်၍ "ငါ ဘုရားကို မြင်စေကုန်သတည်း" ဟု အဓိဋ္ဌာန်ပြုလိုက်လေသည်။ ဘုရားရှင်သည် အိုးထိန်းသည်၏ တဲကုပ်၌ ကြွတော်မူသည်။ အဘယ်ကြောင့်ပါလဲဟု မြို့သူမြို့သားလူအပေါင်းတို့က အချင်းချင်း တီတိုးပြောကြသည်။ ထို့ပြင် ဤအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား သွားလျှောက်လေသည်။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်ထံသို့သွား၍ "ဤနေရာသို့ အရှင်ဘုရား အဘယ်ကြောင့် သွားပါသနည်း"ဟု မေးလေသည်။

ဘုရားရှင်သည် မင်းကြီးအား ၎င်း၏မေးမြန်းလျှောက်ထားချက်ကို ဖြေကြားလေသည်။ "မင်းကြီး ယမန်နေ့ ညနေချိန်က ကြွသွားသည့် ပုက္ကုသာတိမင်းသည် ငါဘုရားကို ရည်စူးကာ ရဟန်းပြုပြီး ငါဘုရားထံသို့မှန်း၍လာခဲ့ရာ ဤအိုးထိန်းသည်တဲသို့ ရောက်လာခဲ့သည်။ ထို့ကြောင့် ငါဘုရားသည် သူ့အား ချီးမြှောက်ရန် လာခဲ့သည်။ ပုက္ကုသာတိသည် ငါဘုရား၏တရားကို နာရ၍ အနာဂါမ်ဖြစ်သွားလေသည်။ ရဟန်းပြုရန်အတွက် သပိတ်၊ သင်္ကန်း၊



ပရိက္ခရာများကို ရှာဖွေခိုင်း၍ ထွက်သွားလေသည်" ဟု ရှင်းလင်းဟောကြားလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်ဟောကြားမိန့်ကြားချက်အရ သူငယ်ချင်းကို လိုက်ရှာလေသည်။ သူငယ်ချင်း ပုက္ကုသာတိကို မင်းချင်းယောကျ်ားတစ်ယောက်အား မြို့ပတ်ဝန်းကျင်နေရာအနှံ့အပြား ရှာခိုင်းစေသည်။ ဘုရားရှင်ကလည်း ထိုခဏ၌ပင် ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်သို့ ကြွသွားတော်မူလေသည်။ ပုက္ကုသာတိမင်းသည်လည်း ပံ့သကူစစ်စစ် ပရိက္ခရာကို ရှာမီးလိုသဖြင့် လမ်းကြားအမှိုက်ပုံသို့ သွားလေသည်။

ထိုအချိန်၌ စိတ်ဖောက်ပြန်သော နွားမတစ်ကောင်သည် အမှိုက်ပုံ၌ ပုက္ကုသာတိကိုမြင်လေသော် ပြေးလာပြီး ဝှေ့၍သတ်လေသည်။ ၎င်းသည်လည်း နေရာ၌ပင် သေဆုံး၍ အဝိဟာဗြဟ္မာဘုံ၌ သွားဖြစ်လေသည်။ ဖြစ်ပြီးမကြာမီမှာပင် ၎င်းသည် ရဟန္တာဖြစ်သွားလေသည်။ ဗိမ္ဗိသာရမင်းကြီး ရှာခိုင်းသော မင်းချင်းယောကျ်ားသည် အမှိုက်ပုံ၌ မှောက်လျက်သား သေဆုံးနေသော ပုက္ကုသာတိမင်းကိုတွေ့၍ မင်းကြီးအား ပြောလေသည်။ မင်းကြီးလည်း သူ့သူငယ်ချင်း ပုက္ကုသာတိမင်းအလောင်းကို ညောင်စောင်းတင်၍ ယူဆောင်လာပြီး ငိုကြွေးလေသည်။ ၎င်းအလောင်းကိုလည်း ကြီးကျယ်ခမ်းနားစွာ မီးသင်္ဂြိုဟ်၍ စေတီတည်လေသည်။

**ဗာဟိယ ဒါရုစီရိယအကြောင်း**

ဗာဟိယတိုင်း၌ အမျိုးသားတစ်ယောက်သည် သုဝဏ္ဏဘူမိသို့ ကုန်သွယ်ရန်သွားသည့် လှေကိုစီးနင်း၍ လိုက်သွားလေသည်။ ယင်းလှေသည် သမုဒ္ဒရာအတွင်းသို့ ရောက်သောအခါ လှေကွဲပျက်၍ မှောက်သွားသည်။ ယင်းလှေပေါ် ပါလာသူများအနက် ဗာဟိယ အမျိုးသားတစ်ယောက်သာ အသက်ရှင်ကျန်လျက်ရှိလေသည်။ ၎င်းသည် ပျဉ်တစ်ချပ်ကို ယူ၍ ကူးခတ်သဖြင့် ခုနစ်ရက်မြောက်သောနေ့တွင် "သုပ္ပါရက" သင်္ဘောဆိပ်ကမ်းနားသို့ရောက်သွားလေသည်။

သူသည် အဝတ်ပုဆိုးများမရှိသဖြင့် ယင်းပျဉ်ချပ်ဖုံးလျက် လျှော်ဖြင့် ချည်နှောင်၍ဝတ်ပြီး သုပ္ပါရကသင်္ဘောဆိပ်သို့ သွားလေသည်။ လူများက သူ့ကိုမြင်လျှင် ရဟန္တာဟု ထင်မှတ်မှားပြီး သူ့အား ယာဂုဆွမ်းတို့ကို ပေးကမ်း၍ ဤသူကား ရဟန္တာဟု ချီးမွမ်းပြောဆိုကြလေသည်။ ၎င်းသည် လူများက ပေးသော အဝတ်ကိုမဝတ်ဘဲ "ငါကား အဝတ်မဝတ်ဘဲနေသောကြောင့်ဤသို့သော ပူဇော်သက္ကာရပြုခြင်းကို ခံရ၏" ဟု ထင်လေသည်။ ထို့ကြောင့် ဤသို့ပေးလာသော လာဘ်လာဘများကိုလက်မခံပေ။

ထိုသို့အားဖြင့် ၎င်းသည် လူတို့၏ကြည်ညိုခြင်းကိုခံရ၍ သူ့ကို "ရဟန္တာ" ဟု စွပ်စွဲပြောဆိုကြခြင်းကိုလည်း သဘောကျ နှစ်သက်နေလေသည်။ သူကလည်း အဝတ်မဝတ်ဘဲ သစ်သားပျဉ်ချပ် ကာရံဖုံးထားပြီးနေသောကြောင့် ၎င်းအား "ဗာဟိယဒါရုစီရိယ" အမည်တွင်လေသည်။

၎င်းသည် ဤသို့အထင်မှား၊ အယူမှားနေလျှင် ပျက်စီးရာသို့ ရောက်မည်ကို စိုးရိမ်၍ ရှေးဘဝက မိတ်ဆွေဖြစ်ခဲ့သော အနာဂါမ်ဗြဟ္မာကြီးသည် သူ့အား မိစ္ဆာအယူမဖြစ်ရန် ပြုဆောင်လေသည်။ ထိုဗြဟ္မာကြီးသည် ရှေးဘဝက ကဿပဘုရား၏ သာသနာ၌ သူနှင့်အတူ ရဟန်းဘဝဖြင့် တရားအားထုတ်ဖူးသည်။ ထို့ကြောင့် ဗြဟ္မာကြီးက ၎င်းထံသို့သွားပြီး ကောင်းကင်မှရပ်လျက် "ဗာဟိယ ငါကား ရှေးဘဝက သင်နှင့်အတူ တရားကျင့်ခဲ့သော အနာဂါမ်ဗြဟ္မာကြီးတည်း။ သင်သည် ရဟန္တာ မဟုတ်သေး၊ ရဟန္တာဖြစ်ကြောင်း အကျင့်မှန်လည်း သင့်မှာ မရှိသေး"ဟု ပွင့်လင်းစွာ ပြောဆိုလေသည်။ ထိုအခါ ဗာဟိယသည် အမှန်ကို သိလာ၍ ဗြဟ္မာမင်းက လမ်းညွှန်လေသည်။ "ဗာဟိယ၊ သဗ္ဗညုတ ဘုရားရှင်သည် ယခုအချိန်၌ သာဝတ္ထိပြည်၌ သီတင်းသုံးနေသည်။ ဤမှ သာဝတ္ထိပြည်သည် ယူဇနာ ၁၂၀ ကွာဝေးသည်။ ရဟန္တာဖြစ်ကြောင်း တရားကိုလည်း ဟောနိုင်သည်။ ဤဘုရားရှင်သည် ရဟန္တာလည်းဖြစ်သည်။ ထို့ကြောင့် သင့်ဘုရားထံသို့သွားလော့" ဟု တိုက်တွန်းပြောကြားလေသည်။

ထိုစကားကို ကြားသောအခါ ဗာဟိယသည် ထိတ်လန့်သောစိတ်ဖြင့် ယူဇနာ ၁၂၀ ဝေးသော သာဝတ္ထိပြည်သို့ ညတွင်းချင်း ခရီးနှင်လေသည်။ နောက်တစ်နေ့နံနက်တွင် ရောက်လေသည်။ ဘုရားရှင်သည် ဗာဟိယလာမည်ကို သိသည်။ ၎င်းသည် ဣန္ဒြေကား မရင့်ကျက်သေး။ ခဏကြာမှ ရင့်ကျက်မည်ဟု ဆင်ခြင်ပြီး ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်သို့ ဆွမ်းခံကြွလေသည်။

ဗာဟိယသည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ "ဘုရားရှင် ဘယ်မှာလဲ" ဟု ရဟန်းတို့အား မေးသည်။ ထိုအခါ ရဟန်းတို့ကလည်း "ဘုရားရှင်သည် သာဝတ္ထိမြို့တွင်းကြွ၍ ဆွမ်းခံကြောင်း" ပြောလိုက်လေသည်။ ထိုအခါ ဗာဟိယသည် ဘုရားရှင်ထံသို့ ချက်ချင်းလိုက်သွားလေသည်။

၎င်းသည် ဘုရားရှင်အား တွေ့သောအခါ ရိုသေစွာရှိခိုးပြီး လက်တော်ကို စွဲမြဲစွာဆုပ်နယ်လျက် "မြတ်စွာဘုရား ဘုရားတပည့်တော်အား တရားဟောကြားတော်မူပါ။ ယင်းတရားသည် တပည့်တော်အား ကာလရှည်ကြာစွာ ချမ်းသာပေမည်"ဟု လျှောက်ထားသည်။

ဘုရားရှင်သည် ၎င်း၌ ဣန္ဒြေမရင့်ကျက်သေး၊ ကျင့်ကြံဖို့ လိုသေးသည်ကို မြင်တော်မူ၍ "ဗာဟိယ ဤနေရာသည် တရားဟောရန်နေရာလည်း မဟုတ်၊ ငါဘုရား ဆွမ်းခံဝင်ဆဲနေရာဖြစ်သည်"ဟု မိန့်တော်မူသည်။ ဗာဟိယက ဘုရားရှင်အား "ယခုပင် တရားတော်ကို ဟောပါ"ဟု ဇွတ်အတင်း လျှောက်ထားပြန်ပါသည်။ ဘုရားရှင်သည် ဗာဟိယ၏ လျှောက်ထားချက်ကို ဆင်ခြင်တော်မူပြီး နှစ်ကြိမ်ထပ်၍ ပယ်တော်မူပြန်ပါသည်။

တတိယအကြိမ်မြောက် ဗာဟိယလျှောက်ထားချက်ကို အချိန်တန်ပြီဟု ဘုရားရှင်သည် ဆင်ခြင်မိသည်ဖြစ်သောကြောင့် လမ်းပေါ်၌ရပ်လျက် ဤသို့သော တရားအချုပ်ကို ဟောတော်မူလေသည်။

**(၁) "ချစ်သားဗာဟိယ မြင်အပ်သော ရူပါရုံ၌ မြင်ကာမျှလည်းကောင်း၊ ကြားအပ်သော သဒ္ဒါရုံ၌ ကြားကာမျှလည်းကောင်း၊ တွေ့ရောက်အပ်သော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာ တို့၌ တွေ့ရောက်ကာမျှ ဖြစ်အောင် သိအပ်သော ဓမ္မာရုံ၌ သိကာမျှဖြစ်အောင် သင်ချစ်သား ကျင့်ရမည်။**

**(၂) ဤသို့ကျင့်ဆောင်လတ်သော် သင်ချစ်သား သည် ထိုမြင်အပ်၊ ကြားအပ်၊ တွေ့ရောက်အပ်၊ သိအပ်သော အာရုံနှင့်စပ်သော ရာဂ၊ ဒေါသ၊ မောဟ နှင့် စပ်ယှဉ်မှုဖြစ်လိမ့်မည် မဟုတ်တော့ချေ။**

**(၃) ထိုသို့ ရာဂ၊ ဒေါသ၊ မောဟနှင့် မယှဉ်သူ ဖြစ်လေသော် သင်ချစ်သားသည် ထိုမြင်အပ်၊ ကြားအပ်၊ တွေ့ရောက်အပ်၊ သိအပ်သော အာရုံ၌ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မစွဲငြိသူ ဖြစ်ပေလိမ့်မည်။**

**(၄) ထိုတဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မစွဲငြိသူ ဖြစ်လေသော် သင်ချစ်သားသည် တမလွန်ဘဝ၌ ရုပ်၊ နာမ်ခန္ဓာ အသစ်တစ်ဖန် ဖြစ်တော့မည်မဟုတ်။"**

ထိုသို့ ဘုရားရှင်၏ ဟောကြားသော တရားတော်ကို ဗာဟိယဒါရုစီရိယ နာကြားရသောအခါ သီလလေးပါးကို စင်ကြယ်စေ၍ ရရှိသော စိတ္တသမာဓိကို အမှီပြုကာ ဝိပဿနာတရားကို ပွားများအားထုတ်လေသည်။ ထို့ကြောင့် လျင်မြန်သော မဂ်ဖိုလ် အသိဉာဏ်ရရှိသူဖြစ်လာလေသည်။ ထိုသို့အားဖြင့် တရားပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေသည်။

ဤသို့ဖြင့် ၎င်းက ဘုရားထံမှ ရဟန်းပြုခွင့် တောင်းလေသည်။ ဘုရားရှင်သည် "ဗာဟိယ သည် ရဟန်းဘဝက တခြားရဟန်းအား သင်္ကန်းတစ်ထည်၊ သပိတ်တစ်လုံးမှ မပေးလှူခဲ့သည်ကို သိမြင်တော်မူ၍ "ဧဟိဘိက္ခု" မခေါ်ဘဲ ၎င်းအား သပိတ်၊ သင်္ကန်း ရှာချေဦးလော့"ဟု မိန့်တော်မူ လေသည်။ ထို့နောက် မြို့တွင်းသို့ ဆွမ်းခံကြွတော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

**"ချစ်သားဗာဟိယ မြင်အပ်သောရူပါရုံ၌ မြင်ကာမျှလည်းကောင်း၊ ကြားအပ်သော သဒ္ဒါရုံ၌ ကြားကာမျှလည်းကောင်း၊ တွေ့ရောက်အပ်သော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာတို့၌ တွေ့ရောက်ကာမျှဖြစ်အောင် သိအပ်သော ဓမ္မာရုံ၌ သိကာမျှဖြစ်အောင် သင်ချစ်သား ကျင့်ရမည်။ ဤသို့ကျင့်ဆောင်လတ်သော် သင်ချစ်သားသည် ထိုမြင်အပ်၊ ကြားအပ်၊ တွေ့ရောက်အပ်၊ သိအပ်သော အာရုံနှင့်စပ်သော ရာဂ၊ ဒေါသ၊ မောဟနှင့် စပ်ယှဉ်မှုဖြစ်လိမ့်မည် မဟုတ်တော့ချေ"**

## ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေးနှင့် ဂါဇာဒေသအား စစ်မက်ကင်းစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း နေတန်ယာဟု ပြောကြား



ဂျေရုဆလင် နိုဝင်ဘာ ၃

ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေးနှင့် ဂါဇာဒေသအား စစ်မက်ကင်းစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက နိုဝင်ဘာ ၂ ရက်တွင် ပြောသည်။

အစ္စရေးအစိုးရအနေဖြင့် ကျန်ရှိနေသည့် စစ်သွေးကြွများကို တိုက်ခိုက်မည်ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ဂါဇာဒေသအတွင်း ဟားမတ်စ်စစ်သွေးကြွများ လှုပ်ရှားဆောင်ရွက်နေသဖြင့် ၎င်းတို့ကို တိုက်ခိုက်နှိမ်နင်းရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။ ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေး၊ ဂါဇာဒေသအား စစ်မက်ကင်းစင်ရေး ဆောင်ရွက်မည်ဖြစ်ကာ ၎င်းအချက်များသည် အမေရိကန်သမ္မတ ထရမ့်နှင့် မိမိကြား သဘောတူထားသည့်အချက်ဖြစ်ကြောင်း နေတန်ယာဟုက ပြောသည်။ ဂါဇာတွင်ရှိနေသော အစ္စရေးတပ်ဖွဲ့များကို ကာကွယ်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အစ္စရေးသည် မဟာမိတ်ဖြစ်သည့် အမေရိကန်အား စစ်ဆင်ရေးများ ဆောင်ရွက်မည့်အကြောင်း အကြောင်းကြားမည်ဖြစ်သော်လည်း အမေရိကန်၏ ခွင့်ပြုချက်ကိုတောင်းခံမည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇဘိုလာအဖွဲ့ လက်နက် စွန့်လွှတ်ရေးအတွက် လက်ဘနွန်အစိုးရက ဆောင်ရွက်ပေးရန် နေတန်ယာဟုက ပန်ကြားခဲ့ပြီး လိုက်နာဆောင်ရွက်ခြင်း မရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်မည်ဟု ပြောသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြှင့်တင်ရေး ဆောင်ရွက်မည်

အစ္စလာမာဘတ် နိုဝင်ဘာ ၃

ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးကို လာမည့် သုံးနှစ်အတွင်း ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြှင့်တင်ရေးဆောင်ရွက်ရန် ပါကစ္စတန်အစိုးရက ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂ ရက်တွင် ပြောသည်။

### မြှင့်တင်ဆောင်ရွက်မည်

မက်ခရိုစီးပွားရေးလုပ်ငန်းမူဘောင်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းလုပ်ငန်းမူဘောင်အရ အစိုးရသည် စီးပွားရေးဖွံ့ဖြိုးမှုကို ပို့ကုန်မြှင့်တင်ရေးနှင့် ငွေလွှဲလုပ်ငန်းများမြှင့်တင်ရေးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ သုံးနှစ်သက်တမ်းရှိသည့် စီးပွားရေးမြှင့်တင်ရေးအစီအမံအရ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းဝင်ငွေကို ရူပီး ၁၆၂၅၁၃ ဘီလီယံရရှိရေး ဆောင်ရွက်မည်ဖြစ်ကာ ၎င်းဝင်ငွေရရှိရေးအတွက် ပြည်ပပို့ကုန်၊ ငွေလွှဲလုပ်ငန်းနှင့် အခွန်ငွေကောက်ခံခြင်းကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။

လာမည့်သုံးနှစ်အတွင်း နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ကန်ဒေါ်လာ ၅၅ ဘီလီယံရှိမည်ဟု တာဝန်ရှိသူများက ပြောသည်။ အထက်ပါကာလအတွင်း ပြည်ပမှ နိုင်ငံသားများ၏ ငွေလွှဲသည့် ငွေတန်ဖိုးသည် ကန်ဒေါ်လာ ၄၄ ဒသမ ၈၂ ဘီလီယံရှိလာမည်ဟု ခန့်မှန်းထားသည်။

အစိုးရက ဆောင်ရွက်မည့် မက်ခရိုစီးပွားရေးလုပ်ငန်းမူဘောင်အရ ကုန်ထုတ်လုပ်ငန်းနှင့် ငွေကြေးစီမံခန့်ခွဲမှုများ အောင်မြင်လာမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## ဗီယက်နမ်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား



ဟနွိုင်း နိုဝင်ဘာ ၃

ယခုသီတင်းပတ်အတွင်း ဗီယက်နမ်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းမှတစ်ဆင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် ဒေသခံ ၃၅ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၃ ရက်တွင် ပြောကြားသည်။

### ဒေသခံ ၃၅ ဦး သေဆုံး

ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းဒေသများတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကမ်းရိုးတန်းဒေသများဖြစ်သည့် ဟူး၊ ဒါနန်း၊ လန်ဒေါင်နှင့် ကွမ်ထရီ ပြည်နယ်တို့တွင် ဒေသခံ ၃၅ ဦး သေဆုံးကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝဘေး စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောသည်။

ယူနက်စကိုက ရှေးဟောင်းမြို့အဖြစ် အသိအမှတ်ပြုထားသည့် ဟိုအန်မြို့တွင် ဒေသခံများ၏ ခါးလယ်အထိ နစ်မြုပ်သည့် ရေကြီးရေလျှံမှုများ ဖြစ်ခဲ့သည်။ ရေကြီးရေလျှံမှုအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသော်လည်း ယခုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်လာမည်ဟု မယူဆထားကြောင်း ဒေသခံတစ်ဦးဖြစ်သည့် ချန်ငုယင်က ပြောသည်။

အိမ်ခြေ ၁၆၅၀၀ ကျော် ရေလွှမ်းမိုးခံရပြီး ကြက်၄က်နှင့် မွေးမြူရေးတိရစ္ဆာန် ၄၀၀၀၀ သေဆုံးကာ စိုက်ပျိုးမြေဟက်တာ ၅၃၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

### ပြောကြား

အိမ်ခြေ ၁၀၀၀၀၀ ကျော် ရေလွှမ်းမိုးခံခဲ့ရပြီး မြေပြိုမှု ၁၅၀ ကျော် ဖြစ်ပွားခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်သည် ကမ္ဘာပေါ်တွင် အပူပိုင်းမုန်တိုင်းဒဏ် အပြင်းထန်ဆုံးဒေသများထဲမှ တစ်ခုဖြစ်ပြီး ဇွန်လမှ စက်တင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိကြောင်း သိရသည်။

ကိုးကား - ဗွီအင်နအိတ်ဗရက်

ဘာသာပြန် - စိုးသူရ

## ဖိလစ်ပိုင်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ တိုင်ဖွန်းမုန်တိုင်း ကယ်မယ်ဂီ ချဉ်းကပ်လာ

မနီလာ နိုဝင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ တိုင်ဖွန်းမုန်တိုင်း ကယ်မယ်ဂီ ချဉ်းကပ်လာသဖြင့် ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၃ ရက်တွင် ပြောသည်။

၎င်းတိုင်ဖွန်းမုန်တိုင်းသည် လေတီကျွန်းသို့ တစ်နာရီလျှင် လေတိုက်နှုန်း ကီလိုမီတာ ၁၂၀ ဖြင့် ချဉ်းကပ်ခဲ့ကြောင်း မိုးလေဝသဌာနက ပြောသည်။

ပါလိုနှင့် တနူအမ်ဒေသများရှိ ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း လေတီကျွန်း သဘာဝဘေးဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုင်ဖွန်းမုန်တိုင်းကြောင့် မြေပြိုမှုများဖြစ်နိုင်သဖြင့် ဒေသအတွင်းရှိ ဆာမာကျွန်းမှ ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း လာနီညာရာသီဥတုဖြစ်စဉ်များဖြစ်လာသည်နှင့်အမျှ တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်လေ့ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်



ကဘူးလ် နိုဝင်ဘာ ၃

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် နိုဝင်ဘာ ၂ ရက်က ပြင်းအား မဂ္ဂနီကျူ ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ အနည်းဆုံး ၂၀ သေဆုံးပြီး ၃၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှာရာဖတ်ဇမန်က ပြောကြားသည်။

### ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ငလျင်သည် ကူလန်မြို့အနောက်တောင်ပိုင်း ၂၂ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ပြောကြားသည်။ ယခုလှုပ်ခတ်သည့် ငလျင်ကြောင့် ထိခိုက်သေဆုံးမှု အများအပြားရှိနိုင်ပြီး ပျက်စီးမှုများရှိနိုင်ကြောင်း ၎င်းဌာနက ပြောသည်။ ငလျင်လှုပ်ခတ်ခဲ့ရာ ဗတ်နှင့် ဆမန်ကန်ပြည်နယ်တို့သို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ငလျင်လှုပ်ခတ်ခဲ့ရာ ဗတ်၊ ဆမန်ကန်နှင့် ဗတ်လန်ဒေသများရှိ ဒေသခံများအား လိုအပ်သည့် အကူအညီများပေးနိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း အာဖဂန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဇက်ဘီဟူလာ မူဂျာဟစ်က ပြောသည်။ ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ဗတ်ပြည်နယ် မြို့တော် မဇာအီရှာရစ်တွင် ပျက်စီးမှုများရှိခဲ့ကြောင်း အာဖဂန်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ကိုးကား - ဆောက်ချိုင်းနားမောနင်းပို့စ်

ဘာသာပြန် - စိုးသူရ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ [အပိုဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ [အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ [အပိုဒ်(၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ဃ) စက်မှုအင်ဂျင်နီယာ [အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(င) သုတနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်)]

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ [အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်)]

(ဆ) စက်မှုလယ်ယာနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်)]

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)]

(ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၅ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၅ ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်(၁၁၁၃)၊ အကျယ်အဝန်း (၄၀ ပေx၆၀ ပေ) (၀.၀၅၅)ဧကရှိ ဒေါ်သန်းမြင့်(MUN-၂၁၃၉၇၁)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၁၃)၊ အောင်မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက် ပိုင်ရှင်မှရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ ဒေါ်စန်းစန်းဌေး [၁၂/ဥကမ(နိုင်)၁၈၅၇၆၆]မှ ယင်းမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း(၂၀ပေx၆၀ပေ)ပါမစ်မြေကွက်အား ၎င်းတရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနန္ဒာအောင်[၁၁/တကန(နိုင်)၀၆၃၆၆၁]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ (ခြေရင်းခြမ်း)မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထိပ်ထားဦး [LL.B(QII) WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၂၆)**
**အမှတ်-၁၁၉၆၊ ဦးဟိန်စွန်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၈၅၂၆၁၅၉၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ ဒေဂဒဟ (၁၀)လမ်း၊ မြေကွက်အမှတ် (၈၄၅/က)၊ (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ဝင်း [၁၂/ဥကတ(နိုင်)၁၃၀၀၉၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ် LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **WIPO(Switzerland)** |
| **Ph-09-954280932** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph:09-420080932, 09-983837110** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁) ရပ်ကွက်၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၁၀၅၈)ဟုခေါ်တွင်သော(အလျား၄၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးအာကာမင်းမြတ် [၁၂/ ဥကတ(နိုင်)၁၉၇၃၇၃] နှင့် ဒေါ်တိုးအိအိဖြိုး[၉/မကန(နိုင်) ၁၃၇၆၅၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၀၅၉) နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၀ပေx အနံ၆၀ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးနေမိုးထွန်း[၁၂/တမန (နိုင်)၀၇၄၆၀၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ် LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇ )** | **WIPO(Switzerland)** |
| **Ph-09-954280932** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph:09-420080932, 09-983837110** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

## အမှားပြင်ဆင်ဖတ်ရှုပေးပါရန်

ဦးထင်အောင်စိုး[၇/ဝမန(နိုင်)၀၀၀၇၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးငွေစိုးမှ ထည့်သွင်းကြော်ငြာထားသော (၃၀-၁၀-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)၊ ကော်လံ (၁)၌ ကြော်ငြာခဲ့သော "လူပျောက်ကြော်ငြာနှင့် အများသိစေရန်" ကြော်ငြာ၏ စာကြောင်းရေ(၃)တွင် ဒေါ်လွင်လွင်မာ[၇/တတန(နိုင်) ၂၁၀၀၈၇]ဟု မှားယွင်းဖော်ပြမိခဲ့သဖြင့် ဒေါ်လွင်လွင်မာ[၁၂/တတန (နိုင်)၂၁၀၀၈၇]ဟု ပြောင်းလဲပြင်ဆင် ဖတ်ရှုပေးပါရန်။

## "(၂၄-၉-၂၀၂၅)နေ့စွဲပါ စာမျက်နှာ-၂၃ ကြေးမုံသတင်းစာတွင် ဦးကျော်ဇော၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးဇော်မျိုးအောင်၊ ဒေါ်ခင်အေးသန်းတို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သိန္ဓိလမ်း၊ အမှတ်(၅၆၁)တွင်နေထိုင်သူ ဒေါ်အေးအေးသင်း[၁၂/ဒဂမ(နိုင်) ၀၁၅၇၆၇] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ဦးကျော်ဇောနှင့် ဒေါ်အေးအေးသင်းတို့သည် (၂၀၁၅)ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သားသမီး (၂)ဦး ထွန်းကားခဲ့ပါသည်။ လင်မယားနှစ်ဦးပေါင်းသင်းစဉ် လက်ထက်ပွားပစ္စည်းများအဖြစ်-

(၁) တောင်ဥက္ကလာပမြို့နယ်၊ Inno City Condo ရှိ အခန်းအမှတ်-၁၄၀၄၊ Block No-105 အခန်း တစ်ခန်း။

(၂) ရွှေပြည်သာမြို့နယ်၊ ရွှေဘိုပတ်လမ်း၊ မြေကွက်အမှတ်-၈၃၂နှင့် မြေကွက်အမှတ်-၇၉၉(၂ကွက်တွဲ) ပေ(၅၅x၁၁၀)မြေကွက်။

(၃) လှည်းကူးမြို့နယ်၊ အမြန်လမ်း၊ (၃၂)မိုင်ရှိ မြေဧက။

(၄) ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးပစ်ရွာရှိ ပေ(၆၀x၆၀)မြေကွက်။

(၅) မြောက်ဥက္ကလာပမြို့နယ်၊ သီရီမင်္ဂလာဈေးဝင်းရှိ M-42, M-43 နှစ်ခန်းတွဲ ဆိုင်ခန်း

တို့ ဖြစ်ထွန်းခဲ့သည်မှာမှန်သော်လည်း ဦးကျော်ဇောနှင့် ဒေါ်အေးအေးသင်းတို့ ကွာရှင်းသည့်အချိန်တွင် သားသမီးများ၏ရှေ့ရေးအတွက် ကြိုတင်စီမံထားသော အမှတ်စဉ်(၅)ပါ ဆိုင်ခန်း(၂)ခန်းသာ ကျန်ရှိနေပြီး ကျန်ပစ္စည်းများမှာ ကျန်ရှိခြင်း မရှိတော့ပါကြောင်း ရှင်းလင်းအပ်ပါသည်။

ဦးကျော်ဇောနှင့်ဒေါ်အေးအေးသင်းတို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်ဖြစ်ပွားခဲ့သော အမှုများတွင် ဦးကျော်ဇောဘက်မှ အဆိုပြုချက်များ၊ ချေပချက်များ ဖော်ပြချက်များတွင် ပေါ်လွင်နေပြီးဖြစ်ပါသည်။ (၂၇-၁၁-၂၀၂၄)ရက်စွဲပါ မင်္ဂလာဒုံခရိုင်တရားရုံးတော် တရားမကြီးမှုအမှတ်-၁၁၁/၂၀၂၃ ၏ စီရင်ချက်အရလည်း လင်မယားနှစ်ဦး ပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ်လည်း အထက်ဖော်ပြပါပစ္စည်း (၅)မျိုးလုံး ကျန်ရှိခြင်း မရှိပါကြောင်း၊ သားသမီးများ၏ရှေ့ရေးအတွက် စီမံထားသည့် အမှတ်စဉ်(၅) ပစ္စည်းတစ်မျိုးသာ ကျန်ရှိကြောင်း (၂၄-၉-၂၀၂၅)နေ့စွဲပါ ကြေးမုံသတင်းစာ ကြေညာချက်မှာ မှန်ကန်မှုမရှိပါကြောင်း၊ ဦးကျော်ဇောမှလည်း အမှတ်စဉ်(၅) ပစ္စည်းနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့် မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါကလည်း ဒေါ်အေးအေးသင်းဘက်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းပွင့်လှိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဒ္ဒနာ(၆)လမ်း၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၄၃၀၉၃၂၈၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၈၇၃)၊ မြေဧရိယာ(၀.၁၄၆) ဧကရှိ ဒေါ်ခင်လန်း(ဘ) ဦးချင်းစိန်အောင် [၁၃/တခလ(နိုင်)၀၅၆၆၅၄]၊ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်လန်းမှ ဒေါ်သရဖီကျော်သူ (ဘ) ဦးကျော်သူ [၁၃/ရစန (နိုင်)၀၇၂၁၆၁]၊ ဒေါ်သင်းယုမွန် (ဘ) ဦးစိုးဝင်း [၁၁/ဘလန(နိုင်)၁၂၇၈၈၄]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ငါးဆူတောင်ကျေးရွာအမှတ်-၁)၊ လူနေရပ်ကွက်အမှတ်(ငါးဆူတောင် ၁-ရပ်ကွက်)၊ မြေကွက်အမှတ်(၁/၂/၁၀+၁/၂/၁၁)၊ စိန်ပန်းမြိုင်လမ်းဟုခေါ်တွင်သော ပေအကျယ် (၁၀၀x၁၆၀)ပေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အိမ်ခြံမြေနေထိုင်ခွင့်ချထားခွင့်ပြုမိန့် ဦးမြစိုး+ဦးသန့်ဇင်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြစိုး[၁၂/အလန(နိုင်)၀၁၅၅၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်နိုင်မိုး[၅/မရန(နိုင်)၀၀၃၂၇၉]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား အိမ်ခြံမြေနေထိုင်ခွင့်ချထားခွင့်ပြုမိန့်စာရွက်စာတမ်း (မူရင်း)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။**
**ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၂၁၇/က)တွင် ဆောက်လုပ်နေဆဲဖြစ်၍ (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ် (၃-လွှာ)၊ အခန်းအကျယ်အဝန်း(၁၄ပေx၆၀ပေ)ခန့်ရှိ ကန်ထရိုက်တာအခန်း တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (ထာဝရဆောက်လုပ်ရေး)၏ ကန်ထရိုက်တာဖြစ်သူ ဦးစန်းလွင်[၁၂/အစန(နိုင်)၂၅၉၈၇၆]က ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ကြိုပွိုင့်စနစ်ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချ ရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးကျော်မင်းထွန်း[၁၁/စတန(နိုင်) ၀၆၃၉၈၁]မှ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၄၉၉)**
**ရှေ့နေများနားနေခန်း၊ အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၅၀၂၃၉၆၂၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ အမှတ်(၉၄)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်(စတုတ္ထအလွှာ) ခေါင်းရင်းခြမ်း၊ (၁၇x၅၄)ပေရှိ ရေမီးအစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ထွန်းအေး (မြေပိုင်ရှင်) [၁၂/ပဇတ(နိုင်)၀၀၂၃၆၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးထွန်း [၉/မခန(နိုင်)၁၆၈၂၃၄]မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ နေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းယူဆောင်၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဝင်းခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၄၁)**
**အမှတ်(၁၀၁၈)၊ သခင်စံရွှေလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၂၁၄၄၉၊ ၀၉-၇၇၁၀၉၃၇၅၅**


ထွန်းတောက်ကြယ်
အိမ်ခြံမြေ အကျိုးဆောင်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်းရှိ
မြေကွက်များ ရောင်း/ဝယ်ရေးကို
ထွန်းတောက်ကြယ် အကျိုးဆောင်မှ
ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
09-443777598


**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၄)၊ လူနေရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၁၁၃၂)၊ ပီမိုးနင်းလမ်းဟုခေါ်တွင်သော ပေအကျယ် (၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧက၊ ဒေါ်ချင်းဟွာတီ ဂရန်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးရန်အောင်စိုး[၁၂/ဥကတ(နိုင်)၁၅၀၀၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လီချင်ဟွာ(ခ)စုယဉ်[၁၃/လရန(နိုင်)၀၉၄၈၅၁]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ဂရန်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၅)လမ်း၊ တိုက်အမှတ်(၂၈၂)၊ အခန်းအမှတ်(၁၆)၊ တတိယထပ်(၄-လွှာ)၊ အကျယ်အဝန်းဧရိယာ (၇၅၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်ကြသော ဒေါ်တိုးတိုးခိုင်[၁၂/ ရကန(နိုင်)၀၁၆၇၇၂]နှင့် ဒေါ်စောမြမြခိုင်[၁၂/ရကန(နိုင်)၀၁၆၈၀၂]တို့မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းရည်သန်း[၁၂/ရကန(နိုင်)၀၀၃၁၀၄]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းရည်သန်းက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုလှိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၁၇၇)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍ မရ ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေး စနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၃

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အင်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ


**ယနေ့ ဖတ်စရာ**

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့ဝင် အမျိုးသားနှစ်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် စာမျက်နှာ » ၂၄

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ စာမျက်နှာ » ၂၆


# MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်ပြီး မဟာယူနိုက်တက်အသင်း အဝေးကွင်း၌ အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) တတိယနေ့ကို နိုဝင်ဘာ ၃ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိသည်။

ပုသိမ် ကျောက်တိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဧရာဝတီ ယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻



ဧရာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဘုန်းမောက်အသင်းကို အနိုင်ရပြီး မန်စီးတီးအသင်း အမှတ်ပေးဇယား ဒုတိယနေရာတက်လှမ်း



မန်စီးတီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန်စီးတီးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ နိုဝင်ဘာ ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းက အနိုင်ရပြီး အမှတ်ပေးဇယား ဒုတိယနေရာကို တက်လှမ်းခဲ့ပါတယ်။

မန်စီးတီးအသင်းက ဘုန်းမောက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ဟာလန်းကနှစ်ဂိုး၊ ရှိုင်လီကတစ်ဂိုး သွင်းယူပေးခဲ့ကာ ဘုန်းမောက်အသင်းအတွက် ချေပဂိုးကိုတော့ တေလာအဒမ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။


အခုပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းကတော့ ယခုဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၃ ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဘုန်းမောက်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့တဲ့ တေလာအဒမ်ကတော့ စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ○

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



## အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲများကို နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်းသည် ခြေစစ်ပွဲအောင်မြင်သဖြင့် ယှဉ်ပြိုင်ခွင့်ရထားသည်။

နောက်ဆုံးအဆင့်ကို အုပ်စုသုံးခုခွဲထားပြီး မြန်မာကလပ် အား/ ကာသိပ္ပံအသင်းသည် အုပ်စု (C) တွင် ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ မြောက်ကိုရီးယားကလပ် နာဂိုရမ်အသင်း၊ တောင်ကိုရီးယားကလပ် ဆူဝမ်အသင်းတို့နှင့် ကျရောက်နေသည်။ ယင်းအုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီတွင် ဂျပန်ကလပ် တိုကျိုဗာဒီအသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုရမ်အသင်း၊ ည ၇ နာရီတွင် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် တောင်ကိုရီးယားကလပ် ဆူဝမ်အသင်း၊ နိုဝင်ဘာ ၁၂ ရက်မွန်းလွဲ ၃ နာရီတွင် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ ည ၈ နာရီတွင် စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❁